ကတညုတာ ဧတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၄၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံအနေဖြင့်ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များအပေါ်အထူးအလေးထားလျက်ရှိ ထိန်းသိမ်းစောင့်ရှောက်ရေးကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် အစီအစဉ်များချမှတ်ထား နိုင်ငံ၏အဖိုးတန်သယံဇာတများ ရေရှည်အသုံးပြုသွားနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် ဇွန် ၅

မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က ကြီးမှူးကျင်းပသည့် ၂၀၀၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park)၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ အမှာစကားပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ ညှိကြိုဆောင်၌ ခင်းကျင်းပြသထားသော ၂၀၀၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲဆုရ ပိုစတာများ၊ ပန်းချီလက်ရာများ၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပြခန်းများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

<u>တက်ရောက်</u>

အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင် သတင်းထောက်များ၊

စာမျက်နှာ ၈ ကော်လံ ၁ ✻

အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းများ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းများကြီးကြပ်မှုကော်မတီအစည်းအဝေး (၁/၂၀၀၄) နှင့် အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်းပြပွဲတွင် ပြသထားသည့် အီလက်ထရွန်နစ်ပစ္စည်းများကို အသေးစိတ်လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ခေတ်မီစက်မှုနိုင်ငံတော်ကူးပြောင်း နိုင်ငံပိုင်နှင့်ပုဂ္ဂလိကတက်ညီလက်ညီကြိုးစား အဆင့်မီအီလက်ထရွန်နစ်ပစ္စည်းများတိုးတက်ထုတ်လုပ်

ရန်ကုန် ဇွန် ၅

အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီ အစည်းအဝေး (၁/၂၀၀၄)နှင့် အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်းပြပွဲကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❍

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇွန်လ ၆ ရက်)

ဆေးဝါးထုတ်လုပ်ရေးနှင့် သုတေသနလုပ်ငန်း အရည်အသွေးမြင့်မားရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာတွင် နိုင်ငံသူနိုင်ငံသားအားလုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားကို အားထားဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကို ကျန်းမာရေးဆိုင်ရာ အမျိုးသားရေးမျှော်မှန်းချက်တစ်ရပ်အဖြစ် ဦးတည်ချမှတ်ပြီး စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရက နယ်စပ်အစွန်အဖျား ဒေသများပါမကျန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့မြှင့်တင် တည်ဆောက်ပေးခြင်း၊ အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းတို့ဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်က ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးပြည့်ဝမြင့်မားရေးနှင့် ဆေးပညာရပ်ဆိုင်ရာ အရည်အသွေးတိုးတက်မြင့်မားရေးတို့အတွက် ကြိုးပမ်း အကောင်အထည်ဖော်ရာတွင် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများသည် ပဓာနကျသော အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းအောက်ရှိ ဆေးဝါးထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးရေးဌာနနှင့် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံတို့၏ လုပ်ငန်းများကို ဇွန်လ ၄ ရက်နေ့ မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ဆေးဝါးထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးရေးဌာန၏ ဆေးပြားဌာန၊ ဆေးဆီဆေးရည်ဌာန၊ ထိုးဆေးဌာနတို့က ထုတ်လုပ်သော ဆေးဝါးများ၊ ထိန်းသိမ်းထားသော စက်မှုသုံး အဏုဇီဝရုပ်ပိုးမျိုးများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ၏ ဆေးပြားထုတ်လုပ်သည့်ဌာန၊ ဆေးတောင့်ထုတ်လုပ်သည့်ဌာနလုပ်ငန်းများ၊ ထိုးဆေးဌာနက ထုတ်လုပ်သည့် ထိုးဆေးနမူနာများ၊ ထိုးဆေးထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် သွေးကြောသွင်း ဆေးရည်ထုတ်လုပ်ရေးဌာနလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက တာဝန်ရှိသူများအား လိုအပ်သည်များကို မေးမြန်းဆွေးနွေးမှာကြားခဲ့သည်။

ဆေးဝါးထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးရေးဌာနအနေဖြင့် ဆေးဝါးဖော်စပ်ရေး သုတေသနလုပ်ငန်းဌာန၊ ဖာမင်တေးရှင်း နည်းပညာသုတေသနလုပ်ငန်းဌာန၊ ဆေးဖက်ဝင်အပင်များ သုတေသနလုပ်ငန်းဌာန၊ နည်းစနစ်သုတေသနနှင့် အရည်အသွေးစစ်ဆေးရေးဌာန စသည့် ဌာနလေးခုဖြင့် သုတေသနလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်။

သုတေသနပြုခဲ့ပြီးသည့် ဆေးဝါးဖော်စပ်ထုတ်လုပ်နည်းများကို မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံသို့ လွှဲပြောင်းပေးခဲ့ပြီး မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံက ကျန်းမာရေးဝန်ကြီးဌာန၏ ဆေးဝါးဆိုင်ရာ စစ်ဆေးခွင့်ပြုချက်များနှင့်အညီ အဆိုပါဆေးဝါးများကို အများအပြားထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံက ဆေးပြား၊ ဆေးတောင့်၊ ဆေးရည်၊ လိမ်းဆေး၊ ဆေးမှုန့်၊ ထိုးဆေး၊ ကာကွယ်ကုသဆေးအမျိုးမျိုးကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။ စက်ရုံမှ ကျွမ်းကျင် ပညာရှင်များနှင့် ဝန်ထမ်းများ၏ကြိုးပမ်းမှုဖြင့် ဆေးအမျိုးမျိုးကို တီထွင် စမ်းသပ်ထုတ်လုပ်ခဲ့ရာ ယခုအခါ အနောက်တိုင်းဆေး ၁၈၄ မျိုးနှင့် တိုင်းရင်းဆေး ၁၆ မျိုး စုစုပေါင်း ဆေးအမျိုး ၂၀၀ ကို ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးပြည့်ဝမြင့်မားရေးအတွက် လိုအပ်သည့် ခေတ်မီဆေးဝါးထုတ်လုပ်ရေးနှင့် သုတေသနလုပ်ငန်းများ အရည်အသွေး တိုးတက်မြင့်မားရေး တာဝန်ရှိသူအသီးသီးက ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၆-၆-၂၀၀၄
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော်
ပဋိစ္စသမုပ္ပါဒ်အခြေခံ
(အနုလောမ၊ပဋိလောမ)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Vital Statistics (ပြည်သူ့ရေးရာ-ပထမနှစ်)
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"**(အပိုင်း-၂)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်
၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားမားသမား"** (အပိုင်း-၇)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။



ဇွန် ၃ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၇)ရပ်ကွက် ဓမ္မရက္ခိတကျောင်းတိုက် ၂၀၀၄-၂၀၀၅ ခုနှစ် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြို့နယ် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆရာတော်ကြီးက သင်ကြားခွင့်လက်မှတ်ကို ဓမ္မရက္ခိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော်ကြီး ဘဒ္ဒန္တ သီလာနန္ဒထံ ဆက်ကပ်စဉ်။ (က-ပ)

လသာမြို့နယ်၌ နယ်လှည့်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇွန် ၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်က ကြီးမှူး၍ ဇွန် ၁ ရက် နံနက်ပိုင်းက လသာမြို့နယ် အမှတ်(၁)ရပ်ကွက်တွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်သန်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးမြသိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။**(ယာပုံ)**

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးမြင့်သန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဦးစိန်တိုးက နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရခြင်းနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွဲ့စည်းထူထောင်ရေး၊ လူငယ်နှင့် အနာဂတ်တာဝန်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအကြောင်းများ ဟောပြောကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စင်ကာပူအသင်းချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲဆုချီးမြှင့်ပွဲ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်ချီးမြှင့်အားပေး

တက်ရောက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူအသင်း၏ ၂၀၀၄ ခုနှစ် (၁၁)ကြိမ်မြောက် နှစ်ပတ်လည် ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၅

မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူအသင်း Singapore Association of Myanmar ၏၂၀၀၄ခုနှစ် (၁၁)ကြိမ်မြောက် နှစ်ပတ်လည်ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ ည၇နာရီတွင် ရန်ကုန်မြို့ ဒူးဆစ်အင်းလျားကန်ဟိုတယ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်အားပေးသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြား သံရုံးမှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် သံရုံးအဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူအသင်းမှ တာဝန်ရှိသူများ၊ (၁၁) ကြိမ်မြောက် နှစ်ပတ်လည်ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ကူညီခဲ့ကြသော ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဂေါက်သီး ရိုက်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

ဦးစိုင်းထွန်းအောင်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှနုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကျင်းပရေးကော်မရှင်

ကြေညာချက်အမှတ်(၁၆၁၉)

(၁၃၆၆ခုနှစ် နယုန်လပြည့်ကျော် ၃ရက်)
(၂၀၀၄ခုနှစ် ဇွန်လ ၅ရက်)

အကြောင်းအရာ။ ။ဦးစိုင်းထွန်းအောင်အား ရှမ်းပြည်နယ် လင်းခေးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ရှမ်းပြည်နယ် လင်းခေးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးစိုင်းထွန်းအောင်က မိမိအား အမျိုးသားညီလာခံကျင်းပရေးကော်မရှင်မှ ဖိတ်ကြားသဖြင့် ၁၇–၅–၂၀၀၄ရက်နေ့၌ ကျင်းပသည့် အမျိုးသားညီလာခံသို့ တက်ရောက်ရန် ရန်ကုန်မြို့သို့ ၉–၅–၂၀၀၄ရက်နေ့၌ သွားရောက်ခဲ့ကြောင်း၊ သို့ရာတွင် ၁၄–၅–၂၀၀၄ ရက်နေ့တွင် ရန်ကုန်မြို့၌ကျင်းပပြုလုပ်သော ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီအစည်းအဝေးမှ အမျိုးသားညီလာခံသို့ မတက်ရောက်ရန် ဆုံးဖြတ်ခဲ့ပြီး ၁၈–၅–၂၀၀၄ရက်နေ့၌ ရန်ကုန်မှ ပြန်လည်ထွက်ခွာခဲ့ကြောင်း။

၂။ အမျိုးသားညီလာခံသို့ ဗဟိုကော်မတီအစည်းအဝေးမှ မတက်ရောက်ရန် ဆုံးဖြတ်ခဲ့ခြင်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြိုးကိုင်ဆောင်ရွက်မှုကြောင့်ဖြစ်ကြောင်းသိရှိရသဖြင့် မိမိအနေဖြင့် များစွာ ဝမ်းနည်းစိတ်မကောင်းဖြစ်ရပါကြောင်း၊ အမျိုးသားညီလာခံသည် နိုင်ငံတော်၏အကျိုး၊ ပြည်သူတစ်ရပ်လုံး၏အကျိုးစီးပွားကိုရှေးရှု၍ နိုင်ငံတော်က အမြော်အမြင်ကြီးစွာဖြင့် ဆောင်ရွက်ပေးသည့်ညီလာခံဖြစ်သည်ဟု အလေးအနက်ယုံကြည်ပါကြောင်း။

၃။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လွှမ်းမိုးချုပ်ကိုင်မှုကြောင့် ညီလာခံသို့ မတက်ရောက်ခြင်းမှာ လွန်စွာမှားယွင်းသော လုပ်ရပ်ဖြစ်သည်ဟု ခံစားရပါကြောင်း။

၄။ ထို့ကြောင့် မိမိသည် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်တွင် ဆက်လက်လုပ်ကိုင်ရန် ဆန္ဒမရှိတော့သဖြင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်အဖြစ်မှ လည်းကောင်း၊ လင်းခေးမြို့နယ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတာဝန်မှ လည်းကောင်း၊ ဗဟိုကော်မတီဝင်အဖြစ်မှ လည်းကောင်း နုတ်ထွက်ခွင့်ပြုပါရန် ၂၉–၅–၂၀၀၄ ရက်နေ့တွင် အဖွဲ့ချုပ်သို့ စာတင်ခဲ့ပြီးဖြစ်ပါကြောင်း။

၅။ သို့ပါ၍ မိမိသည် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်မဖြစ်တော့သည့်အတွက် မိမိအား လင်းခေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ဦးစိုင်းထွန်းအောင်က ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၆။ အထက်ပါ ဦးစိုင်းထွန်းအောင်၏ တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁၊ပုဒ်မခွဲ(င)နှင့်အညီ ဦးစိုင်းထွန်းအောင်အား ယနေ့မှစ၍ လင်းခေးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ
(အေးမောင်)
အတွင်းရေးမှူး

ဦးစိုင်းထွန်းအောင်၏ တင်ပြချက်ကို မှတ်တမ်းတင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကျင်းပရေးကော်မရှင်
သတင်းထုတ်ပြန်ချက် အမှတ်စဉ်(၁/၂၀၀၄)

(၁၃၆၆ခုနှစ် နယုန်လပြည့်ကျော် ၃ ရက်)
(၂၀၀၄ခုနှစ် ဇွန်လ ၅ရက်)

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ လင်းခေးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အတွက် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးစိုင်းထွန်းအောင်၏ အောက်ပါတင်ပြချက်ကို ဤကော်မရှင်က မှတ်တမ်းတင်ထားပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်–

"မိမိဦးစိုင်းထွန်းအောင်[၁၃/လခတ(နိုင်)၀၀၄၂၅၈]သည် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုကော်မတီဝင်အဖြစ်မှ လည်းကောင်း၊ လင်းခေးမြို့နယ် အလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ်မှ လည်းကောင်း၊ ပါတီဝင်အဖြစ်မှ လည်းကောင်း နုတ်ထွက်ခွင့်ပေးပါရန် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်သို့ တင်ပြချက်"။

ဝန်ကြီးဗိုလ်ချုပ်လှထွန်း ရွှေတောင်ဘဏ်ခွဲဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇွန် ၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၏ ရွှေတောင်ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပြည်ခရိုင် ရွှေတောင်မြို့၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက် ချီးမြှင့်သည်။

ယင်းအခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌဗိုလ်မှူးကြီးလှမင်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်၊ ပြည်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းက အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ဆန်းထွန်းက ဝန်ကြီးနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌတို့ထံသို့ ရွှေတောင်ဘဏ်ခွဲ အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ယင်းနောက် ရွှေတောင်ဘဏ်ခွဲ အဆောက်အအုံသစ် ဆိုင်းဘုတ်ကို ဝန်ကြီးကစက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းအေးနှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးဗိုလ်မှူးကြီးဆန်းထွန်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဘဏ်ခွဲအဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူအသင်း နှစ်ပတ်လည်ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၅

Singapore Association in Myanmar (၁၁)ကြိမ်မြောက် နှစ်ပတ်လည် ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် Pun Hlaing Golf Resort၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဖိတ်ကြားထားသူများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် မြန်မာနိုင်ငံရောက် စင်ကာပူနိုင်ငံသားများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၁၁)ကြိမ်မြောက် နှစ်ပတ်လည် ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲတွင် တီခုံအမှတ်(၁)နှင့် တီခုံအမှတ် (၁၀)တို့မှစတင်၍ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဖိတ်ကြားထားသူများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးတို့ အပါအဝင် မြန်မာနိုင်ငံရောက် စင်ကာပူနိုင်ငံသားများ၊ အထူးဖိတ်ကြားထားသူများသည် ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နာဂျက်ဖ်နှင့်ကူဖာမြို့များတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေ

ဘဂ္ဂဒက် ဇွန် ၄

အီရတ်ခေါင်းဆောင်တစ်ဦး ဖြစ်သည့် မိုတာဒါအယ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့များ ထိန်းချုပ်ထားသည့် နာဂျက်ဖ်မြို့နှင့်ကူဖာမြို့များတွင် အီရတ်လက်နက်ကိုင်ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့များ ကြာသပတေးနေ့ စောစောပိုင်းအချိန်က တိုက်ပွဲများဖြစ်ပွားရာ အီရတ်ရှစ်ဦးသေဆုံးပြီး အခြား ၄၉ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်အရာရှိတစ်ဦးက ပြောကြားသည်။

ထိုသို့အီရတ်ပြောက်ကျားတို့နှင့်အမေရိကန်တပ်ဖွဲ့ဝင်များတိုက်ပွဲဖြစ် ပွားမှုသည် ညလုံးပေါက်ဖြစ်ပွားပြီး နောက်နေ့ နံနက်စောစောထိ ဖြစ်ပွားကြောင်း ထိုသို့တိုက်ပွဲဖြစ်ပွားမှုကြောင့် ကူဖာနှင့်နာဂျက်ဖ်မြို့များတွင် သေဆုံးမှုများ အများအပြား ဖြစ်ခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးဖြစ်သူ မူဆင်ဂျာဝပ်ဒ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

တပ်စွဲရန်

နာဂျက်ဖ်နှင့် ကူဖာမြို့များအတွင်းသို့ အမေရိကန်စစ်လေယာဉ်များ ဝဲပျံကာ တင့်ကားများ၊စစ်မော်တော်ယာဉ်များဖြင့် အင်အားသုံးကာ ဝင်ရောက်တပ်စွဲရန် ကြိုးစားနေကြောင်း မူဆင်ဂျာဝပ်ဒ်က ပြောကြားသည်။

ပိတ်ထားကြ

ကူဖာမြို့လယ်တွင် တိုက်ပွဲဖြစ်ပွားပြီးနောက် ဈေးဆိုင်အများအပြား ပိတ်ထားကြပြီး မြို့နေလူအများအပြားလည်း အိမ်တွင်း၌သာနေထိုင်လျက်ရှိသဖြင့် ကူဖာတစ်မြို့လုံး သုသာန်တစပြင်လို တိတ်ဆိတ်ခြောက်သွေ့လျက်ရှိကြောင်း ၎င်းကထပ်မံ ပြောကြားသည်။

ခုခံတိုက်ခိုက်

အီရတ်ခုခံတိုက်ခိုက်ရေးခေါင်းဆောင်တစ်ဦးဖြစ်သည့် မိုတာဒါအယ်ဆာဒါသည် လွန်ခဲ့သည့်နှစ်လမှစ၍ အီရတ်နိုင်ငံတောင်ပိုင်းတွင် အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များဖြင့် ခုခံတိုက်ခိုက်လျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကန်ဗဟိုထောက်လှမ်းရေးအဖွဲ့ ညွှန်ကြားရေးမှူးနုတ်ထွက် ထောက်လှမ်းရေးသတင်းအားနည်းမှုကြောင့်ဖြစ်နိုင်ဟုဝေဖန်

ဝါရှင်တန် ဇွန် ၄

အမေရိကန်နိုင်ငံဗဟိုထောက်လှမ်းရေး အေဂျင်စီ (စီအိုင်အေ)၏ ညွှန်ကြားရေးမှူး ဂျော့ချ်တီနက်သည် ကိုယ်ရေးကိုယ်တာ အကြောင်းပြချက်ဖြင့် ရာထူးမှ နုတ်ထွက်သွားသည်။

အမေရိကန် သမ္မတ၏ မိန့်ခွန်းသည် အီရတ်ဆိုင်ရာ ထောက်လှမ်းရေးသတင်းမှားမှုအတွက် တီနက်က တာဝန်ယူခဲ့ရပြီး ယခုနုတ်ထွက်မှုသည် ဒီမိုကရက်ပါတီဝင်များ၏ တောင်းဆိုချက် ပြည့်ဝသွားသည်။

ဝေဖန်

တီနက်၏ နုတ်ထွက်မှုသည် စီအိုင်အေအဖွဲ့၏ ထောက်လှမ်းရေးသတင်းရယူမှုဆိုင်ရာ အားနည်းချက်များကြောင့် ဖြစ်နိုင်ကြောင်း ဝေဖန်နေကြသည်။

အပြစ်တင်

စက်တင်ဘာ ၁၁ရက် အကြမ်းဖက် တိုက်ခိုက်မှုအား ဟန့်တားနိုင်မှုနှင့် အီရတ်အရေးကိစ္စမှာ အသုံးပြုခဲ့သည့် ထောက်လှမ်းရေး အချက်အလက်များ၏ ခိုင်မာမှုတို့အပေါ် သံသယဖြစ်မှု တို့ကြောင့် စီအိုင်အေအဖွဲ့သည် အပြစ်တင်ခံနေရသည်။

တောင်းဆို

အီရတ်စစ်ပွဲကို ဆင်နွှဲခဲ့ခြင်းသည် ထောက်လှမ်းရေးသတင်းမှားများအပေါ် အခြေခံသည့် အစီရင်ခံစာကြောင့် ဟုတ် မဟုတ် ဖြေရှင်းရန်နှင့် မှားယွင်းမှုအတွက် တာဝန်ရှိသူများအား ဖော်ထုတ်ပေးရန် ဒီမိုကရက် ပါတီဝင်များက တောင်းဆိုလာကြသည်။

ပေါ်ပေါက်

ဤအမှားအတွက်ထောက်လှမ်းရေးအကြီးအကဲ တီနက်သာမက အထက်ခေါင်းဆောင်များမှာပါ တာဝန်ရှိကြောင်း ဝေဖန်နေကြသကဲ့သို့ တီနက်သည် သမ္မတဘုရှ်အတွက် ဓားစာခံအဖြစ် နုတ်ထွက်ခဲ့ရသလားဆိုတော့ မေးခွန်းများပါ ပေါ်ပေါက်လာကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ကြွေးကြော် ဆန္ဒပြ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်လ် ရမ်းစဖဲလ် လာရောက် မလည်ပတ်မီ ဇွန် ၄ရက်က အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော် ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံက ပေးရန်ရှိသည့် ဒေါ်လာသန်း ၅၀၀ သြစတြေးလျနိုင်ငံက လျှော်ပစ်မည်ဟု ပြောကြား

ကင်ဘာရာ ဇွန် ၄

သြစတြေးလျနိုင်ငံသည် အီရတ်နိုင်ငံက သြစတြေးလျသို့ပေးဆောင်ရန်ရှိသည့် အမေရိကန်ဒေါ်လာသန်း ၅၀၀ကို လျှော်ပစ်ရန်ဆုံးဖြတ်ပြီးဖြစ်ကြောင်း သြစတြေးလျကုန်သွယ်ရေးဝန်ကြီး မတ်ခ်ဘယ်လီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

အဆိုပါ အီရတ်နိုင်ငံ၏ကြွေးမြီသည် ၁၉၈၀ပြည့်လွန် နှောင်းပိုင်းနှင့် ၁၉၉၀ပြည့်လွန် အစောပိုင်းကာလများက အီရတ်နိုင်ငံသို့ ဂျုံများတင်ပို့ခဲ့မှုအပေါ် သြစတြေးလျနိုင်ငံသို့ ပေးဆောင်ရန် တင်ရှိခဲ့သော ကြွေးမြီဖြစ်သည်။

သြစတြေးလျအစိုးရသည် သီးနှံလုပ်ငန်းဌာနနှင့် ညှိနှိုင်းတိုင်ပင်ပြီးနောက် အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ဘယ်လီ၏ ပြောဆိုချက်၌ ဖော်ပြထားသည်။ ကျန်ရှိသည့် လျှော်ပစ်မည့် ကြွေးမြီအချိုး အတိအကျ အခြားနိုင်ငံများနှင့် ဆွေးနွေး၍ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ ၎င်းကျန်ရှိကြွေးမြီများကို လာမည့်လများတွင် လျှော်ပစ်မည်ဖြစ်ကြောင်းလည်း ထိုပြောဆို ကြေညာချက်အရ သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်ရှိ အီတလီသံရုံးအနီး စိန်ပြောင်းကျည်များကျရောက်ပေါက်ကွဲ

ဘဂ္ဂဒက် ဇွန် ၄

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်ရှိ အီတလီသံရုံးအနီး ကြာသပတေးနေ့က စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲရာ အီရတ်တစ်ဦးသေဆုံးပြီး အခြားအီရတ်ပြည်သူတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ သို့ရာတွင် သံရုံးဝန်ထမ်းများ တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း အီရတ်ဆေးရုံအရာရှိများနှင့် သံတမန်သတင်းများက ဆိုသည်။

ဖြစ်ပွားမှုမှာ ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ အီတလီသံရုံးအနီးရှိ အီရတ်တို့နေအိမ်တစ်လုံးနှင့် စားသောက်ဆိုင်တစ်ခုအနီး၌ စိန်ပြောင်းကျည်များကျရောက်ပေါက်ကွဲရာ အီရတ်ကလေးငယ်သုံးဦးအပါအဝင် လူခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီတလီသံရုံးမှ လုံခြုံရေးအစောင့်တစ်ဦးဖြစ်သည့် ဟိုင်သမ်အယ်ဖာဒယ်က ပြောကြားသည်။

ထိုသို့ စိန်ပြောင်းကျည်များကျရောက်ပေါက်ကွဲမှုဖြစ်ပွားရာတွင် သေဆုံးသူအီရတ်တစ်ဦးသာ ဆေးရုံ၌ရှိခဲ့ကြောင်း ဆရာဝန်တစ်ဦးက ပြောကြားသည်။

အီတလီသံရုံးဝန်ထမ်းတစ်ဦးက ပြောကြားရာတွင် သံရုံးအဆောက်အအုံကို ထိခိုက်မှုမရှိကြောင်း သံရုံးဝန်ထမ်းများလည်း ထိခိုက်မှုမရှိကြောင်း၊ သို့သော်လည်း စိန်ပြောင်းကျည်ကျရောက်ပေါက်ကွဲမှုကြောင့် ထိတ်လန့်မှုဖြစ်ရကြောင်း ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ကလပ်စတာဗုံးဒဏ်ခံရသော အီရတ်မိန်းကလေး ဆေးကုသမှုခံယူရန် ဘယ်ဂျီယံသို့ ရောက်ရှိ

ဘရပ်ဆဲလ် ဇွန် ၄

ယမန်နှစ်က ဘဂ္ဂဒက်မြို့၌ အမေရိကန်တို့၏ ကလပ်စတာဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သော အီရတ်မိန်းကလေးငယ်တစ်ဦးသည် ခွဲစိတ်မှုပြုလုပ်ရန် ဘယ်ဂျီယံနိုင်ငံသို့ ဗုဒ္ဓဟူးနေ့က ရောက်ရှိလာသည်။

အသက် ၁၄ နှစ်အရွယ်ရှိ အီရတ်မိန်းကလေးဟီဘာကက်စ်ဆင်မ်သည် ယခင်နှစ် ဒီဇင်ဘာလက ပေါင်မုန့်ဝယ် သွားစဉ် ဗုံးပေါက်ကွဲ၍ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

သူမသည် အီရတ်နိုင်ငံ၌ နေ၍ ခွဲစိတ်ကုသခဲ့လျှင် အနည်းဆုံးခြေချောင်းတစ်ချောင်းကို ဖြတ်တောက်ကုသရမှာ သေချာကြောင်း ဘယ်ဂျီယံသတင်းဌာန ဘယ်ဂါ၌ဖော်ပြသည်။

ဘယ်ဂျီယံဆရာဝန် ဂတ်ဗင်မိုးတာသည် ယခင်နှစ်ဘဂ္ဂဒက်မြို့၌ ဗုံးများပေါက်ကွဲမှုဖြစ်ပွားချိန်တွင် အဆိုပါမိန်းကလေးအား သွားရောက်ကုသပေးခဲ့သည်။

သူမသည် ဘယ်ဂျီယံ၌အထူးဆေးစစ်ဆေးမှုများနှင့် ကုသမှုကို ခံယူမည်ဖြစ်သည်။ ဘယ်ဂျီယံဆေးအကူအညီပေးရေးအဖွဲ့သည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဖြစ်ပြီး အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

လေဆိပ်သို့ရောက်ရှိ

ဘယ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်နိုင်ငံတကာ လေဆိပ်သို့ ဆေးကုသရန် ဇွန်၂ရက်က ရောက်ရှိလာသော အသက် ၁၄နှစ်အရွယ် အီရတ် မိန်းကလေး ဟီဘာကက်စ်ဆင်မ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နီပေါနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုတိုးတက်

ခတ္တမန္ဒူ ဇွန် ၄

နီပေါနိုင်ငံသို့ လွန်ခဲ့သည့်လက ကမ္ဘာလှည့်ခရီးသည်များ အလည်အပတ်လာရောက်မှု စုစုပေါင်းအရေအတွက်သည် လွန်ခဲ့သည့်နှစ် အလားတူကာလကထက် ၂၂ ရာခိုင်နှုန်း သိသိသာသာ တိုးတက်ခဲ့ကြောင်း နီပေါခရီးသွားလာရေးဘုတ်အဖွဲ့က ကြာသပတေးနေ့တွင် ထုတ်ပြန်သည်။

ကမ္ဘာပေါ်ရှိ ဒေသအသီးသီးမှ ယခုနှစ် မေလတွင် လေကြောင်းဖြင့် နီပေါနိုင်ငံသို့ လာရောက်သည့်ခရီးသည် စုစုပေါင်းမှာ ၂၂၂၇၈ ဦးဖြစ်ပြီး ၂၀၀၃ ခုနှစ် မေလက နီပေါနိုင်ငံသို့ ရောက်ရှိလာခဲ့သော ခရီးသည်များမှာ ၁၈၂၂၄ ဦးဖြစ်ကြောင်း အစိုးရဗျူရိုက ကြေညာချက်တစ်စောင် ထုတ်ပြန်သည်။

နီပေါနိုင်ငံသို့ အိန္ဒိယခရီးသည် လာရောက်မှုအရေအတွက်သည် ၂ ရာခိုင်နှုန်းမှ ၁၀၄၀၇ ဦးအထိရှိခဲ့ပြီး ယင်းအချိန်တွင် အခြားနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသည်လာရောက်မှုမှာ ၄၈ ရာခိုင်နှုန်းမှ ၁၁၈၇၁ ဦးအထိတိုးတက်ခဲ့သည်။

နီပေါ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း၏ ရိုးရာဈေးကွက်မှ လာရောက်သည့် ခရီးသည်များကို အမည်စာရင်းထုတ်ပြန်ရာတွင် အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ဂျာမနီနှင့် ဂျပန်တို့ဖြစ်ပြီး ၃၅၊ ၄၁၊ ၅၆၊ ၇၅ နှင့် ၂၄ ရာခိုင် နှုန်းစီ အသီးသီးတိုးတက်ခဲ့သည်ဟု ဆိုသည်။

ခရီးသွားလာရေးလုပ်ငန်းသည် ရှုမြင်ကွင်းများ၊ ယဉ်ကျေးမှုများ ပေါကြွယ်ဝသော နီပေါနိုင်ငံအတွက် အဓိကနိုင်ငံခြားဝင်ငွေအတွက် တစ်ခုဖြစ်ပြီး နှစ်စဉ် ဟိမဝန္တာဒေသအတွက် အမေရိကန်ဒေါ်လာသန်း ၁၇၀ ခန့် ဝင်ငွေရရှိခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအပေါ် နှိပ်စက်ညှဉ်းပန်းမှုကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် အီတလီနိုင်ငံ ရောမမြို့ရှိ ပွန်တီဆင့်အင်ဂျီလို တံတား၌ အမေရိကန်သမ္မတဘုရှ်၏ ရုပ်ပုံကို ခဲများနှင့် ပစ်ပေါက်ကာ ဆန္ဒပြနေသူများကို ဇွန် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စပိန်တပ်များရုပ်သိမ်းမှု အီရတ်တို့အလေးထား စပိန်ရောက် ဆီးရီးယားသမ္မတ အာဆတ် ပြောကြား

မက်ဒရစ် ဇွန် ၃

အီရတ်နိုင်ငံမှနေ၍ စပိန်တပ်ဖွဲ့ဝင်များရုပ်သိမ်းခြင်းသည် အာရပ်ကမ္ဘာတွင် စပိန်၏အနေအထားကို ခိုင်မာစေခဲ့သည်ဟု အလည်အပတ်ရောက်နေသော ဆီးရီးယားသမ္မတ ဘာဟာအယ်လ်အာဆတ်က ဗုဒ္ဓဟူးနေ့၌ ပြောကြားလိုက်သည်။

စပိန်ဝန်ကြီးချုပ်နှင့် ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အယ်လ်အာဆတ်က စပိန်တပ်များ အီရတ်မှ ရုပ်သိမ်းမှုကို အီရတ်တို့က အလေးထားပြီး အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အကျိုးဖြစ်စေကြောင်း ပြောဆိုသည်။

စပိန်အစိုးရအနေဖြင့် အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်သည့် အီရတ်နိုင်ငံ လုံးဝပြန်ရရှိမည်ဟု စွဲမြဲထားကြောင်း စပိန်ဝန်ကြီးချုပ်ဂျို့စ်လူဝစ်ရိုဒရီဂူဇ်ဇာပါတီရိုကပြောကြားသည်။

အီရတ်နိုင်ငံမှနေ၍ စပိန်တပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းခဲ့ပြီးနောက် စပိန်နိုင်ငံသည် အီရတ်နိုင်ငံ၏ ပြန်လည်တည်ဆောက်ရေးတွင် အရေးကြီးသောကဏ္ဍမှ ဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ယာဉ်တန်းပစ်ခတ်တိုက်ခိုက်ခြင်းခံရ ဖိလစ်ပိုင်နိုင်ငံသားသုံးဦး ဒဏ်ရာရ

မနီလာ ဇွန် ၃

အီရတ်နိုင်ငံသို့ စေလွှတ်ထားသော ဖိလစ်ပိုင်နိုင်ငံ၏ လူသားချင်းစာနာမှုအဖွဲ့မှ အဖွဲ့ဝင်သုံးဦးသည် အကြမ်းဖက်တိုက်ခိုက်ခြင်းခံရရာတွင် ထိခိုက်ဒဏ်ရာရမှုရှိခဲ့ကြောင်း ဖိလစ်ပိုင်အစိုးရက ဗုဒ္ဓဟူးနေ့၌ အတည်ပြုပြောကြားသည်။

အင်္ဂါနေ့ နေ့လယ်ပိုင်း၌ အကြမ်းဖက်သမားများ ပစ်ခတ်တိုက်ခိုက်ခဲ့သော ယာဉ်ခုနစ်စီးပါ ယာဉ်တန်းတွင် လုပ်ငန်းကိစ္စအတွက် ဘာဘီလင်ပြည်နယ်ရှိ တာလေယီကျေးရွာသို့ သွားသော ဖိလစ်ပိုင်လူမျိုး ၁၄ ဦးပါရှိကြောင်း အရှေ့အလယ်ပိုင်းဆိုင်ရာ ဖိလစ်ပိုင် အထူးသံတမန် ရှိုင်းစီမာတူက နိုင်ငံခြားရေးဌာနသို့ ပြောကြားသည်။

ဒဏ်ရာရသူများမှာ ဘာဘီလင်မြို့မြောက်ဘက်ရှိ ကာဘာလာဆေးရုံ၌ ဆေးဝါးကုသမှုခံယူပြီးနောက် စိုးရိမ်စရာမရှိတော့ကြောင်း စီမာတူက ပြောကြားသည်။

ထို့ပြင် အီရတ်ရှိ လူသားချင်းစာနာမှုအဖွဲ့ကို အီရတ်မှနေ၍အစိုးရက ရုပ်သိမ်းမည်မဟုတ်ကြောင်း ဖိလစ်ပိုင် လက်နက်ကိုင်တပ်များ၏ ဒုတိယ စစ်ဦးစီးချုပ်နှင့် ပြောရေးဆိုခွင့်ရှိသူ ရိုဒိုဖိုဂါစီယာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်ဆိုင်ရာ ကုလသမဂ္ဂ အဆိုပြုချက် မူကြမ်း ကုလလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများ ဆွေးနွေး

ကုလသမဂ္ဂ ဇွန် ၃

အမေရိကန်နှင့် ဗြိတိန်တို့ ထပ်မံဖြည့်စွက်ပြင်ဆင်ရေးဆွဲထားသော အီရတ်ဆိုင်ရာ ကုလသမဂ္ဂအဆိုပြုချက်မူကြမ်းအား ကုလသမဂ္ဂလုံခြုံရေး ကောင်စီအဖွဲ့ဝင်နိုင်ငံများက ဆွေးနွေးလျက်ရှိသည်။

ယခုထပ်မံတင်ပြလာသောမူကြမ်းတွင် အီရတ်ကြားဖြတ်အစိုးရအဖွဲ့အား လုံခြုံရေးနှင့် စီးပွားရေးကဏ္ဍတို့၌ လုပ်ပိုင်ခွင့် အာဏာအပြည့်အဝ ပေးထားကြောင်း အမေရိကန်နှင့် ဗြိတိန်တို့က ပြောကြားသည်။ တရုတ်၊ ဂျာမဏီ၊ ပြင်သစ်နှင့် အခြားလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများ၏ ထောက်ခံမှုရယူနိုင်ရေးရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့အပြင် အီရတ်ကြားဖြတ် အစိုးရအနေဖြင့်ရဲတပ်ဖွဲ့၊ နယ်စပ် ထိန်းချုပ်ရေးနှင့် အခြားလုံခြုံရေးတပ်ဖွဲ့များအား ထိန်းချုပ်ခွင့်အာဏာ ပေးအပ်ထားသကဲ့သို့ အမေရိကန် ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့များ နေထိုင်ခွင့်ကိုလည်း ကန့်သတ်ထားသည်။ သို့ရာတွင် လုံခြုံရေးအဖွဲ့ဝင် နိုင်ငံအများစုက ကုလသမဂ္ဂတာဝန်ရှိသူများနှင့် အီရတ်နိုင်ငံခြားရေး ဝန်ကြီး ဇာဘာရီတို့၏ ရှင်းလင်းချက်များကို နားထောင်ပြီးမှသာ ဆုံးဖြတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။ ထို့အပြင် ယခုမူကြမ်း၌ အမေရိကန် တပ်ဖွဲ့များထွက်ခွာမည့် နေ့ရက်ကို အတိအကျဖော်ပြမထားကြောင်း ချီလီ၊ တရုတ်နှင့် ပြင်သစ်သံတမန်များ က ဝေဖန်ခဲ့ကြသည်။ အမေရိကန် တပ်မှူးများ၏ အမိန့်ကို အီရတ် တပ်ဖွဲ့များ ငြင်းပယ်ခွင့်ရှိကြောင်းကို မူကြမ်း၌ ဖော်ပြထားရန် နိုင်ငံအများစုက လိုလားကြသော်လည်း အမေရိကန်တို့ကမူ အီရတ်ကြားဖြတ်အစိုးရအဖွဲ့နှင့် ၎င်းကိစ္စကို သီးခြားဆွေးနွေးမည်ဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။

(စီစီတီဗွီ)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံ၌ သေဆုံးခဲ့ရသည့် ဆွေမျိုးတစ်ဦးအတွက် ဆုတောင်းနေသော အီရတ်အမျိုးသမီးကြီးတစ်ဦးကို အယ်နူမင်ဆေးရုံ၌ ဇွန် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့လမ်းများပေါ်၌ အဓိကရုဏ်းများ ပိုမိုဖြစ်ပွား

ဘဂ္ဂဒက် ဇွန် ၃

အီရတ်နိုင်ငံ၏ ကြားဖြတ်အစိုးရ အဖွဲ့သစ်သည် လုပ်ငန်းဆိုင်ရာများ လုပ်ဆောင်ရန် ပြင်ဆင်နေစဉ်မှာပင် ဘဂ္ဂဒက်မြို့ရှိ လမ်းမများပေါ်၌ အဓိကရုဏ်းများ ပိုမိုဖြစ်ပွားခဲ့သည်။ အီရတ်ကြားဖြတ်အစိုးရသည် ပထမဦးဆုံးအကြိမ် အစည်းအဝေးကျင်းပကာ နိုင်ငံလုံခြုံရေးနှင့် တည်ငြိမ်ရေးကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

ကြားဖြတ်အစိုးရ၏ ဝန်ကြီးချုပ် အီယာ့ဒ်အလော်အန်က ၎င်းတို့အစိုးရအဖွဲ့သည် ကုလသမဂ္ဂအဖွဲ့၏ ထိန်းချုပ်မှုအောက်ရှိ နိုင်ငံစုံတပ်ဖွဲ့ကို အားထားရမည်ဖြစ်ပြီး ထိုတပ်ဖွဲ့ကို အမေရိကန်တို့က ဦးဆောင်မည် ဖြစ်ကြောင်းပြောကြားသည်။ ဤအတောအတွင်း ဘဂ္ဂဒက်မြို့ရှိ လူနေအိမ်ခြေများရှိရာ အနီးတဝိုက်တွင် ဗုံးတစ်လုံးယမန်နေ့က ပေါက်ကွဲခဲ့ရာ လူငါးဦးထက်မနည်းသေဆုံးသွားကာ ၃၇ ဦးဒဏ်ရာရရှိခဲ့သည်။

တိုက်ပွဲဖြစ်

ထို့အပြင် နာဂျက်ဖ်မြို့အနီး ကူဖာဒေသ၌လည်း အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခေါင်းဆောင် မူတာဒါအယ်ဆာဒါ၏ သစ္စာခံအီရတ်ပြောက်ကျားများအကြား တိုက်ပွဲငယ်လေးကြိမ်ဖြစ်ပွားခဲ့ကြောင်း အီရတ်လက်နက်ကိုင်များက အမေရိကန်တပ်ဖွဲ့ဝင်များကို မော်တာ ကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်းသိရသည်။

အီရတ်၌ လာမည့်ခြောက်လအတွင်း လုံခြုံတည်ငြိမ်မှုရှိအောင် ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ပြဿနာဖြစ်လာနိုင်ကြောင်း ကုလသမဂ္ဂ အထူးကိုယ်စားလှယ် လက်ဒါဘရာဟီမီက အီရတ်ရုပ်မြင်သံကြားကပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

မေးခွန်းထုတ်

အီရတ်ကြားဖြတ် အစိုးရအဖွဲ့သစ်၏ အချုပ်အခြာအာဏာနှင့်ပတ်သက်ပြီး အီရတ်တို့က မေးခွန်း ထုတ်လျက်ရှိကြကြောင်း အမေရိကန်တို့က ယခုလကုန်၌ အချုပ်အခြာအာဏာ အပြည့်အဝလွှဲအပ်မည်ဟု အာမခံပြောကြားခဲ့သော်လည်း အီရတ်ရှိအမေရိကန် တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာသည် အီရတ်အစိုးရ၏ တိုက်ရိုက်ထိန်းချုပ် ကွပ်ကဲမှုအောက်၌ မရှိခြင်းကြောင့် အမေရိကန်တို့၏ အာဏာအပြည့်အဝပေးမည်ဆိုသော စကားရပ်သည် မေးခွန်းထုတ်စရာဖြစ်နေသည်ဟုဆိုသည်။

(စီအင်န်အင်န်)

အီရတ် ကြားဖြတ်အစိုးရဖွဲ့စည်းမှု ရှေ့သို့ ခြေတစ်လှမ်းဖြစ် အီရန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူ ပြောကြား

တီဟီရန် ဇွန် ၃

အီရတ်ပြည်သူများကို အုပ်ချုပ်ရေးလွှဲပေးမှု၏ ရှေ့သို့တိုးသော ခြေတစ်လှမ်းအဖြစ် အီရတ်ကြားဖြတ်အစိုးရ ဖွဲ့စည်းထူထောင်ခြင်းကို အီရန်နိုင်ငံက ကြိုဆိုလိုက်ပြီး ဤရည်မှန်းချက် ပြည့်မြောက်ရေးအတွက် ကုလသမဂ္ဂ၏ ကြိုးပမ်းမှုကိုလည်း ကြိုဆိုလိုက်သည်ဟု အိုင်အာအင်န်အေသတင်းဌာနက ဗုဒ္ဓဟူးနေ့၌ ဖော်ပြလိုက်သည်။

အီရတ်ပြည်သူများအနေဖြင့် အုပ်ချုပ်ရေးအပြည့်အဝလွှဲပေးမှုနှင့် သိမ်းပိုက်မှုအဆုံးသတ်ခြင်းကို မျက်မြင်တွေ့ရမည်ဟု မျှော်လင့်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူ ဟာမစ်ရီဇာအာဆီဖီက ထုတ်ဖော်ပြောကြားသည်။

ထို့ပြင် အာဆီဖီက အီရတ်နိုင်ငံတွင် ရွေးချယ်ပွဲများကျင်းပရန်အတွက် ကုလသမဂ္ဂ၏အစီအစဉ်တွင်းမှလိုအပ်သည်များကို ကြားဖြတ်အစိုးရက ပြင်ဆင်မည်ဟု မျှော်လင့်ကြောင်းလည်း ပြောကြားသည်။

အီရတ်ကြားဖြတ်အစိုးရ ဖွဲ့စည်းမှုကို ကုလသမဂ္ဂက အင်္ဂါနေ့၌ ကြေညာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဝင်ရောက်

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင်းသို့တိုက်ခိုက်ရန် ဝင်ရောက်လာသော အမေရိကန် တပ်ဖွဲ့ဝင်များ၏ ယာဉ်တန်းကို ဇွန် ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြ

ဘဂ္ဂဒက်မြို့ အစိမ်းရောင်နယ်မြေ၌ ဇွန် ၁ ရက်က အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသော အီရတ်ပြည်သူများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြို့လယ်ဗုံးပေါက်ကွဲ

ဘဂ္ဂဒက်မြို့လယ်၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီး မီးခိုးလုံးများ ပျံ့လွင့်နေသည်ကို ဇွန်၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ငိုကြွေး

ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားသူ တစ်ဦး၏ မိသားစုများ ငိုကြွေးနေကြသည်ကို ဇွန် ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယာဉ်ပျက်စီး

ဘဂ္ဂဒက်မြို့မြောက်ဘက် ဆင်ခြေဖုံး၌ ပေါက်ကွဲမှု ဖြစ်ပွားပြီး ပျက်စီးသွားသော မော်တော်ယာဉ်ကို ဇွန် ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဝမ်းနည်းငိုကြွေး

ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲပြီး သေဆုံးသွားသူတစ်ဦး၏ မိသားစုဝင်များ ဝမ်းနည်းငိုကြွေးနေကြသည်ကို ဇွန် ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

မကွေးတိုင်း ငဖဲမြို့နယ်တွင် တည်ဆောက်ပေးထားသော မန်းချောင်းရေလှောင်တမံသည် လယ်မြေဧက ၄၇၅၀၀ ကိုအကျိုးပြု ရေပေးဝေလျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

ကျေးရွာချင်းဆက် မြေသားလမ်း

ဖြူးမြို့နယ် ဖြူး-ဘန်းလောင်း ကျေးရွာချင်းဆက် မြေသားလမ်းကို ကျောက်ချောလမ်း အဆင့်မြှင့်တင်၍ မြို့နယ်အတွင်းရှိ ကျေးရွာများ သွားလာမှု လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ပေး လျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း- နယ်စပ်/စည်ပင်)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

လင်းခေး တံတား

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် နမ့်စန်-မိုးနဲ-တာဆန်းလမ်းပေါ်တွင် တည်ဆောက်ပေးထားသည့် အရှည်ပေ ၃၀၀ ရှိသော လင်းခေးတံတားသည် ဒေသခံတိုင်းရင်းသားပြည်သူများ သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး အတွက် အထောက်အကူ ပြုလျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

တိုးချဲ့ ကျောင်းဆောင်သစ်

စစ်ကိုင်းတိုင်း မုံရွာမြို့နယ်အတွင်းရှိ ကျောင်းသူ၊ ကျောင်းသားများ ပညာသင်ကြားနိုင်ရန် မုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် ရွှေပြည်အေး ကျောင်းဆောင်သစ်ကို တိုးချဲ့ တည်ဆောက်ပေးထားသည်။

(ဓာတ်ပုံမှတ်တမ်း- သတင်းစဉ်)

သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းသူအားလုံးကို အားပေးမည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

၂၀၀၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပိုစတာ၊ ပန်းချီပြိုင်ပွဲဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ကမ္ဘာ့နိုင်ငံများသည် လူ့ဘောင်လောကကြီးရေရှည်တည်တံ့ရေးအတွက် ရေမြေ တောတောင် သဘာဝပတ်ဝန်းကျင်၏ အရေးပါသောအခန်းကဏ္ဍကို မီးမောင်းထိုး အသိပေးနှိုးဆော်ရန် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားများကို ကျင်းပကြခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဤအရေးပါသောနေ့ကို ကျင်းပရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

ဆိုးကျိုးပိုများ

ဤကမ္ဘာကြီးတွင် လူသားမျိုးနွယ်ရယ်လို့ စတင်ပေါ်ထွန်းစဉ်ကပင် မိမိတို့လူသားများ အသက်ရှင်နေနိုင်ဖို့နဲ့ သာယာဝပြောသောလူ့ဘောင်ကြီးဖြစ်လာဖို့အတွက် သဘာဝအရင်းအမြစ်များနှင့် အင်အားစုများကို ထုတ်ယူအသုံးပြုခဲ့ကြောင်း၊ လူ့သမိုင်းစတင်ခဲ့သည့် ရှေးဦးကျောက်ခေတ်မှ ယနေ့သတင်းအချက်အလက် ခေတ်အထိ လူတို့၏တီထွင်ကြံဆမှုဖြင့် မဖြစ်မနေကြိုးပမ်းအားထုတ်ဆောင်ရွက်မှုများကြောင့် အတိုင်းအဆအားဖြင့် ကြီးမားကျယ်ပြန့်လှသော စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ မကြာသေးသော ဆယ်စုနှစ်များအတွင်းမှာ သိပ္ပံနှင့်နည်းပညာတိုးတက်မြင့်မားလာမှုကြောင့် ကမ္ဘာအဝန်းကြီးမားသည့် အပြောင်းအလဲများဖြစ်ပေါ်ခဲ့ကြောင်း၊ ဤအပြောင်းအလဲတွေထဲမှာ ကောင်းမွန်သောအကျိုးကျေးဇူးများ ဖြစ်ထွန်းစေခဲ့တာရှိသလို မကောင်းသည့်အကျိုးတရားများဖြစ်ပေါ်စေခဲ့တာတွေလည်း ရှိကြောင်း၊ ကမ္ဘာကြီး၏ ရေမြေပတ်ဝန်းကျင် တောတောင်သဘာဝကို ထိခိုက်ပျက်စီးစေသော ဆိုးကျိုးတွေကပိုများတာကို တွေ့မြင်နေရကြောင်း။

ယခုအခါ ကမ္ဘာ့လူဦးရေသည် ၆ဒသမ၂ဘီလီယံရှိပြီး နေ့စဉ်နှင့်အမျှ တိုးပွားများပြားလာလျက်ရှိကြောင်း၊ ကမ္ဘာ့လူဦးရေတိုးတက်များပြားလာသည်နှင့်အမျှ သောက်သုံးရေမှအစ စားနပ်ရိက္ခာ၊ အိမ်ရာနှင့် စွမ်းအင်အစရှိသည့် လူ့အခြေခံလိုအပ်ချက်များလည်း ပိုပြီးလိုအပ်လာကြောင်း၊ လူသားများသည်ကမ္ဘာမြေကြီးပေါ်တွင်ရှိနေသည့် သဘာဝသယံဇာတပစ္စည်းများကို မကုန်နိုင် မခန်းနိုင်သည့် အရာများဟု ယူဆနေခဲ့ကြကြောင်း၊ လူသားများသည် မိမိတို့၏တိုးတက်များပြားလာသည့် လူ့လိုအပ်ချက်များကို ဖြည့်ဆည်းဖို့ ကြိုးပမ်းသည့်အခါတွင် အကန့်အသတ်နှင့် သာရှိနေသည့် သဘာဝသယံဇာတများကို မဆင်မခြင် တူးဖော်ထုတ်ယူသုံးစွဲခဲ့ကြကြောင်း၊ ထိုသို့လုပ်ဆောင်ကြရာမှာ လူသားတစ်ရပ်လုံးက လိုသလိုသုံးစွဲပြီး အတောမသတ်စွန့်ပစ်လိုက်သည့် စွန့်ပစ်ပစ္စည်းများကိုလည်း ကမ္ဘာကြီးကအတိုင်းအဆမရှိ လက်ခံသိမ်းဆည်းနိုင်မည်ဟုလည်း ခံယူထားကြကြောင်း။

လူသားများ၏ ယခုလိုမဆင်မခြင် ထုတ်ယူသုံးစွဲလုပ်ဆောင်မှုများကြောင့် ကမ္ဘာကြီးနှင့်တကွ ပတ်ဝန်းကျင် ရေမြေတောတောင်သဘာဝကို ထိခိုက်ယိုယွင်းစေခဲ့ကြောင်း။

ကမ္ဘာ့နိုင်ငံ အတော်များများတွင် သဘာဝအတိုင်းရှိနေရမည့် ပတ်ဝန်းကျင်အနေအထားများမှာ တစ်နေ့တခြား ပျက်စီးလျက် ရှိနေတာကို တွေ့မြင်နေကြရကြောင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြစ်သည့် ကမ္ဘာမြေကြီးပူနွေးလာမှုနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၊ အိုဇုန်းလွှာများ ယိုယွင်းလာမှုစသည်တို့မှာ ကမ္ဘာပေါ်ရှိလူသားများကိုသာမက အခြားသက်ရှိသတ္တဝါများကိုပါ ထိခိုက်စေလျက်ရှိကြောင်း၊ မီးခိုးမြူငွေ့ပြဿနာ၊ အက်စစ်မိုးရွာသွန်းခြင်းနှင့်အဏ္ဏဝါရေထု ညစ်ညမ်းမှုစသည့် ပြဿနာရပ်များသည်လည်း နိုင်ငံနယ်နိမိတ်များကို ကျော်လွန်ဖြစ်ပွားလျက်ရှိကြောင်း။

ယိုယွင်းပျက်စီးမှုများ ဆက်လက်ဖြစ်ပေါ်

မကြာခင်ကာလများအတွင်း ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာရပ်များကို ဖြေရှင်းရန်တစ်နိုင်ငံချင်းအရလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများအနေဖြင့်လည်းကောင်း ပြုလုပ်လာခဲ့ကြကြောင်း၊ ပြီးခဲ့သော ဆယ်စုနှစ်သုံးစုခန့်မှာ အပြည်ပြည်ဆိုင်ရာပတ်ဝန်းကျင်သဘောတူစာချုပ်အများအပြားကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတိုင်းမှာလည်း အမျိုးသားပတ်ဝန်းကျင်အေဂျင်စီများနှင့် ဝန်ကြီးဌာနများတည်ထောင်ခဲ့ပြီး ထိရောက်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြကြောင်း၊ သို့သော်လည်း နိုင်ငံအများစုမှာ ပတ်ဝန်းကျင်ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာထိန်းသိမ်းဆောင်ရွက်မှုအားနည်းခြင်း၊ နိုင်ငံရေးအရ အားတက်သရော ထောက်ခံအားပေးမှုအနေဖြင့် လည်းကောင်း၊ ငွေကြေးအထောက်အပံ့အနေဖြင့် လည်းကောင်း တိကျသော အာမခံချက်များ၊ ကတိကဝတ်များ မရှိခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများ ဆက်လက်ဖြစ်ပေါ်နေတာကို တွေ့ရှိရကြောင်း။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအပိုင်းတွင် ကောင်းမွန်သော လက္ခဏာတစ်ခုမှာ ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု မရှိဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်ထိန်းသိမ်းထားနိုင်ခြင်း မရှိနိုင်ဆိုသည့် သဘောတရားကို ကမ္ဘာက ပိုမိုလက်ခံလာကြခြင်းဖြစ်ကြောင်း၊ ဘရန့်လန်ကော်မရှင်၏ **"စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု"** သဘောတရားကို ကမ္ဘာအဝန်း လက်ခံလာကြပြီဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် စီးပွားရေးဖွံ့ဖြိုးမှု၊ လူမှုရေးဖွံ့ဖြိုးမှုနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုသည့် မဏ္ဍိုင်သုံးခုပေါ်မှာ တည်မှီနေကြောင်း၊ ထို့ကြောင့် ဤကဏ္ဍသုံးခုသည် ဟန်ချက်ညီညီနေဖို့လိုအပ်ကြောင်း၊ ထို့ကြောင့်လည်း ပတ်ဝန်းကျင်စံချိန်စံညွှန်းများ သတ်မှတ်အသုံးပြုရေးအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရေးကိစ္စရပ်များကို အဓိကဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ဆောင်ရွက်သည့်အခါ တစ်ပါတည်းစဉ်းစားဆောင်ရွက်လျက်ရှိကြကြောင်း။

လုပ်ငန်းအစီအမံများချမှတ်

မြန်မာနိုင်ငံအနေဖြင့်လည်း ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအပေါ် အထူးဂရုပြု အလေးထားလျက်ရှိကြောင်း၊ ထိရောက်ကောင်းမွန်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုလုပ်ငန်းများ တိုးမြှင့်ရန်ရည်ရွယ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီတစ်ရပ်ကို မကြာမီက ဖွဲ့စည်းခဲ့ကြောင်း၊ ဤကော်မတီနှင့် ၎င်း၏အထူးလုပ်ငန်းအဖွဲ့များသည် နိုင်ငံ၏ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ကိစ္စများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ကြမှာဖြစ်ကြောင်း။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်မှာ ပင်လယ်သမုဒ္ဒရာများအပေါ် အလေးပေးထားကြောင်း၊ ၎င်းမှာ ရေသယံဇာတများအပါအဝင် ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများကိုထိန်းသိမ်းစောင့်ရှောက်ခြင်းသည် လူသားတို့၏ကောင်းကျိုးနှင့် ဂေဟစနစ်များ ရှင်သန်တည်တံ့မှုအတွက် အရေးပါလှသောအချက်ကို ထင်ရှားစေလိုသည့်အတွက်ဖြစ်ကြောင်း။

ကမ္ဘာမြေ သုံးပုံနှစ်ပုံသည် ပင်လယ်သမုဒ္ဒရာများနှင့် ဖုံးလွှမ်းနေသည့်အတွက် မိမိတို့၏ ကမ္ဘာမြေသည် အပြာရောင်ဂြိုဟ်ကမ္ဘာဖြစ်ကြောင်း၊ ပင်လယ်သမုဒ္ဒရာများသည် လူသားများအတွက် စားနပ်ရိက္ခာနှင့် အသုံးဝင်ပစ္စည်းများ ထုတ်လုပ်ပေးရုံမျှမက ကူးသန်းသွားလာပို့ဆောင်မှုအတွက် အထောက်အကူပြုခြင်း အရေးပါသော သဘာဝဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများဖြင့်လည်း ပံ့ပိုးပေးလျက်ရှိကြောင်း။

အလွန်အရေးကြီး

မြန်မာနိုင်ငံအနေဖြင့် ကံကောင်းသည့်အချက်မှာ နိုင်ငံ၏တောင်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့မှာ ကျယ်ပြောသော ပင်လယ်ပြင်ကြီးများ တည်ရှိကြကြောင်း၊ အနောက်တောင်ဘက်မှာ ဘင်္ဂလားပင်လယ်အော်ရှိပြီး တောင်ဘက်မှာ ကပ္ပလီပင်လယ်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ကမ်းရိုးတန်းသည် ကီလိုမီတာ ၂၂၀၀ ကျော် ရှည်လျားစွာ ဖြစ်ပေါ်နေကြောင်း၊ မြန်မာ့ပင်လယ်ပြင်၌ ပုလဲနှင့် သတ္တုစသည်များအပါအဝင် ပေါများကြွယ်ဝလှသည့်ငါးနှင့် အဖိုးတန်သယံဇာတများရှိကြောင်း၊ ကမ်းရိုးတန်းတစ်လျှောက်မှာလည်း ဒီရေတော အများအပြားနှင့် ပကတိပျက်ယွင်းမှုမရှိသည့်

မြန်မာနိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က ၂၀၀၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုရ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်းမှ မောင်ဝင်းမင်းသူအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးကျော်သူက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြပွဲနှင့် လှုပ်ရှားမှုများတွင် ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်စဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂအစီအစဉ် ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ဌာနေကိုယ်စားလှယ် Mr. Charles James Pertic က ၂၀၀၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ကုလသမဂ္ဂပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး Dr.Klaus Tocpferနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Mr.Kofi A.Annanတို့၏ သဝဏ်လွှာများကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ကမ်းခြေများတည်ရှိနေကြောင်း၊ယခုလို အဖိုးတန်သော သယံဇာတများကို ထိန်းသိမ်းခြင်းဖြင့် ရေရှည် အသုံးပြုသွားနိုင်ရေးသည် အလွန်အရေးကြီးလှကြောင်း။

သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းအားထုတ်နေသူအားလုံးကို ထောက်ခံအားပေးပါကြောင်းနှင့် ပတ်ဝန်းကျင်ရေးရာကိစ္စတွေမှာ အထောက်အကူပြု ဆောင်ရွက်ပေးနေသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်နှင့်တကွ ယနေ့ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည့် ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များကို ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအစီအစဉ် ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Charles James Pertic က ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး Dr. Klaus Tocpferနှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Mr. Kofi A. Annan တို့၏ သဝဏ်လွှာများကို ဖတ်ကြားသည်။

ပိုစတာပြိုင်ပွဲဆုချီးမြှင့်

ဆက်လက်၍ ၂၀၀၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ရောင်စုံ ပိုစတာပြိုင်ပွဲဆုရရှိသူများနှင့် အခြေခံပညာအဆင့် ပန်းချီပြိုင်ပွဲဆုရရှိကြသူများအား ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပရာ မြန်မာနိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်က ပိုစတာပြိုင်ပွဲ ပထမဆုရ မောင်ကျော်ဆင့်၊ ဒုတိယဆုရ ဦးအောင်မိုးနှင့် တတိယဆုရ မသဇင်စိုးမြင့်တို့အားလည်းကောင်း၊ နှစ်သိမ့်ဆုရရှိကြသော ရဲထွဋ်အောင် (လောကနတ်ပန်းချီ)၊ မောင်စည်သူအောင်၊ ကိုထွေး၊ မောင်ဇင်ကိုကို၊ ဦးမောင်မောင်၊ မခိုင်သရဖီဒင်နှင့် ဒီဇိုင်းဇော်ထက်တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ပန်းချီပြိုင်ပွဲဆုချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်က အခြေခံပညာအဆင့် ပန်းချီပြိုင်ပွဲပထမဆုရ ဒဂုံမြို့နယ် အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်းမှ မောင်ဝင်းမင်းသူ၊ ဒုတိယဆုရပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း နဝမတန်းမှ မောင်မင်းမင်းဦးနှင့်တတိယဆုရ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း သတ္တမတန်းမှ မခိုင်မြတ်မျိုးထွန်းလင်းတို့အားလည်းကောင်း၊ နှစ်သိမ့်ဆုရရှိကြသော တာမွေမြို့နယ် အမှတ် (၃၂)အခြေခံပညာမူလတန်းကျောင်း စတုတ္ထတန်းမှ မောင်စည်သူအောင်၊ လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်းမှ မရွှေရည်ဦး၊ ကမာရွတ်မြို့နယ် အမှတ် (၂) အခြေခံပညာမူလတန်းကျောင်း ပထမတန်းမှ မောင်ဖြိုးမာန်ဟုန်လင်း၊ လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပဥ္စမတန်းမှမဆုနှင်းဝေ၊ဗိုလ်တထောင်မြို့နယ်အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း ဒသမတန်းမှ မရှယ်လီဝင်း၊ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း တတိယတန်းမှ မနွေးရတနာထွန်းနှင့် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်းမှ မောင်စိုးစံလင်းတို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်

ယင်းနောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပြပွဲနှင့်လှုပ်ရှားမှုများတွင် ပါဝင်ကူညီခဲ့ကြသည့် ဌာနဆိုင်ရာများ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အနုပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်း အစီအစဉ်ကို ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူက မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အဏ္ဏဝါသိပ္ပံဌာန၊ မော်လမြိုင်တက္ကသိုလ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံသားငှက်ထိန်းသိမ်းရေးအဖွဲ့၊ Myanmar Intergraph, Euro Continents Myanmar, Suntac Technologies၊ သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်းတို့မှ တာဝန်ရှိသူများအားလည်းကောင်း၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သီချင်းရေးသားစပ်ဆိုခဲ့သည့် ဂီတစာဆိုအကော်ဒီယံဦးအုန်းကျော်နှင့် သီဆိုခဲ့ကြသည် စတီရီယိုတေးသံရှင် ခိုင်မြဲသာနှင့် ဟဲလေးတို့အား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အထိမ်းအမှတ်ပြခန်းကြည့်ရှု

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ဧည့်သည်တော်များသည် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံဧည့်ကြိုဆောင်၌ ခင်းကျင်းပြသထားသော ၂၀၀၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲဆုရ ပိုစတာများ၊ ပန်းချီလက်ရာများ၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှု ကော်မတီ အစည်းအဝေး (၂/၂၀၀၄) သို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ကြီးနိုင်ငံတကာမြို့တော်အင်္ဂါရပ်များနှင့်ညီညွတ်ရေး အဆင့်မြှင့်တည်ဆောက်ပြုပြင်မွမ်းမံမှုများ ဆက်လက်ဆောင်ရွက်

✻ ကျောဖုံးမှ

အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အရှိန်အဟုန်မပျက်

ရှေးဦးစွာ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မိုးရာသီကျရောက်ပြီဖြစ်သည့်အတွက် အိမ်ရာစီမံကိန်းအသစ်များ တည်ဆောက်ရန် အခြေအနေမပေးသော်လည်း တည်ဆောက်ဆဲလုပ်ငန်းများကို အချိန်အခါပေါ် မူတည်ပြီး အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တည်ဆောက်ဆဲ အိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာ၌လည်း မိမိတို့၏တည်ဆောက်ရေးလုပ်ငန်းများကြောင့် လမ်းဘေးရေမြောင်းများ ရေစီးရေလာ မပျက်ယွင်းစေရအောင် သတိပြုဆောင်ရွက်ကြဖို့လိုကြောင်း။

ရန်ကုန်မြို့တော်အတွင်း လမ်းများ၊ လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ အိမ်ရာစီမံကိန်းတည်ဆောက်သူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအပိုင်းကလည်း ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ဖို့၊ ပံ့ပိုးကူညီကြဖို့ လိုအပ်မှာဖြစ်ကြောင်း။

ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာမြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံစေရေးအတွက် အဆင့်မြှင့်တင်တည်ဆောက်မှုများ၊ ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိရာတွင် ဆက်လက်လုပ်ဆောင်ဖွယ်လုပ်ငန်းများများစွာရှိနေသေးကြောင်း။

ခေတ်နှင့်တစ်ပြေးညီ

သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်မြင့်မားလာလျက်ရှိသည့်နည်းတူ အဆောက်အအုံတည်ဆောက်မှု၊ နည်းပညာများ၊ နည်းစနစ်များလည်း ပြောင်းလဲတိုးတက်လျက်ရှိရာ ခေတ်မီနည်းပညာများ၊ တည်ဆောက်ရေးနည်းစနစ်များကို ခေတ်နှင့်တစ်ပြေးညီ အသုံးပြုဆောင်ရွက်သွားဖို့ လိုကြောင်း။

ပုဂ္ဂလိကလုပ်ငန်းရှင်များ ဆောင်ရွက်နေသည့် အိမ်ရာတိုက်တာ အဆောက်အအုံများ ခေတ်မီသပ်ရပ် ခံ့ညားလှပဖို့ လိုအပ်သကဲ့သို့ သတ်မှတ်စံချိန်စံညွှန်းများနှင့်ညီညွတ်ရန် လိုကြောင်း၊ ထို့အပြင် တိုက်တာအဆောက်အအုံဟောင်းများကိုလည်း ပြုပြင်မွမ်းမံကြဖို့လိုကြောင်း။

ရန်ကုန်မြို့တော်ကြီးကို မြို့တော်အင်္ဂါရပ်များနှင့် ညီညွတ်စေရေးအတွက် စီမံဆောင်ရွက်ရာတွင် သစ်ပင်ပန်းမန်များဖြင့် စိမ်းလန်းစိုပြည် ဝေဆာသပ်ရပ်စေရအောင် စီမံဆောင်ရွက်လျက်ရှိကြောင်း။

ပန်းမန်များဝေဆာ

လမ်းလယ်ကျွန်းများ၊ လမ်းထောင့် တြိဂံချွန်းများ၊ အဝိုင်းကြီးများကို စိမ်းလန်းစိုပြည်သပ်ရပ်အောင် အကွက်ချပြုပြင်မွမ်းမံလျက်ရှိသလို မြို့တော်တစ်ခွင်တစ်ပြင်လုံး သစ်ပင်ပန်းမန်များဖြင့် အကွက်ကျကျ ဝေဆာလှပအောင် စီမံဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

အင်းလျားကန်ပေါင် စိမ်းလန်းစိုပြည်သာယာလှပရေး၊ ကန်တော်ကြီးပတ်ဝန်းကျင်တွင် နိုင်ငံတကာအဆင့်မီ အပန်းဖြေဥယျာဉ်ကြီး ဖြစ်ထွန်းလာရေး အစီအမံများကို တဖြည်းဖြည်းချင်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

အမြဲမပြတ်မွမ်းမံ

တစ်ချိန်တည်းမှာပင် မြို့တော်ကြီးတစ်ခွင်လုံး လမ်းများ၊လမ်းဘေးရေမြောင်းများ၊ပလက်ဖောင်းများ ပျက်စီးယိုယွင်းမှုမရှိစေရအောင် အမြဲမပြတ်ကြည့်ရှုစစ်ဆေး ပြုပြင်မွမ်းမံဆောင်ရွက်ပေးကြဖို့ မှာကြားလိုကြောင်း။

မြို့တွင်းပိုင်းဒေသများတွင်သာမက အခြေခံလူတန်းစား အများစုကြီးနေထိုင်သည့် ဆင်ခြေဖုံးရပ်ကွက်များအတွင်းရှိ လမ်းများကောင်းမွန်အောင်၊ ရေစီးရေလာ ကောင်းမွန်အောင်၊ သန့်ရှင်းသပ်ရပ်ပြီးကျန်းမာရေးနှင့် ညီညွတ်သည့်ပတ်ဝန်းကျင်ဖြစ်လာအောင် စီမံဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း။

အခြေခံအကျဆုံးဖြစ်သည့် လူအများစုကြီးနေထိုင်ရာ ရပ်ရွာဒေသများ တိုးတက်ကောင်းမွန်အောင်၊ကျန်းမာရေးနှင့်ညီညွတ်အောင် အလေးထား စီမံဆောင်ရွက်ပေးမှသာ တစ်နိုင်ငံလုံး မျှတစွာဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာမှာဖြစ်ကြောင်း။

အချိန်နှင့်တစ်ပြေးညီတင်ပြ

သို့ဖြစ်၍ အခြေခံဒေသများတွင် တာဝန်ထမ်းဆောင်နေကြသည့် အောက်ခြေအဆင့် အဖွဲ့အစည်းများက ပြည်သူတို့၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည့် လုပ်ငန်းများကို ကြည့်တတ်မြင်တတ်သိတတ်ဖို့လိုသလို လိုအပ်ချက်များကို အထက်အဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီတင်ပြဖို့လည်း လိုကြောင်း။

ထို့ကြောင့် မြို့တော်အဝင် အတွင်းပိုင်းမြင်ကွင်းကျရာနေရာဒေသများတွင်သာမဟုတ်ဘဲ အခြေခံလူတန်းစားများနေထိုင်ရာ ဆင်ခြေဖုံးဒေသများအတွင်းကိုပါ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်မှုရှိစေရအောင် တာဝန်ရှိသူအဆင့်ဆင့်က ဆင့်ကဲဆင့်ကဲ မပြတ်စစ်ဆေးကြပ်မတ်သွားကြရန် ပြောကြားသည်။

ထို့နောက် မြို့တော်အိမ်ရာ စီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဝင်များနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက မြေယာကိစ္စရပ်များ၊ အိမ်ရာကိစ္စရပ်များ၊ အဆင့်မြင့်အိမ်ရာ စီမံကိန်းကိစ္စရပ်များ အပါအဝင် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ဒီဇိုင်း၊ ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ကျော်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းတို့က မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီက ခွင့်ပြုထားပြီးသော အိမ်ရာစီမံကိန်းများနှင့် ဝန်ကြီးဌာနများ၏ အဆောက်အအုံစီမံကိန်းလုပ်ငန်း တိုးတက်မှုအခြေအနေများနှင့် မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)နှင့် လှိုင်သာယာမြို့နယ်များ၌ လမ်းများ အဆင့်မြှင့်တင်မွမ်းမံခြင်း၊ အသစ်ဖောက်လုပ်ခြင်း၊ တံတားများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို Power Point ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူတည်ဆောက်လျက်ရှိသည့် အဆောက်အအုံများ၊ ခေတ်မီအဆင့်မြင့်ဈေးနှင့် ပလာဇာစီမံကိန်းများ၏ လုပ်ငန်းတိုးတက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရန်ကုန်မြို့တော် အဆင့်မြှင့်တင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံပြု ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များအပေါ် သိလိုသည်များကို မေးမြန်းဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် အဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက Relaxation Zone မှ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Relaxation Zone ရှိ ပုလဲကျွန်းတွင် မြက်ခင်းနှင့် ပန်းကွက်အလှဖော်ဆောင်ရွက်မည့်နေရာနှင့် Elephant Plaza တည်ဆောက်နေမှုကိုလည်းကောင်း၊ Education Zone ရှိ မြေပဒေသာကျွန်း၊ သစ်ပင်ပျိုးပင် အရောင်းဆိုင်များ၊ စိုက်ပျိုးရေးပြကွက်များနှင့် ရေချိုရေငန် ငါးပြတိုက်တည်ဆောက်နေမှုကိုလည်းကောင်း၊ Central Forest Zone ရှိ Fountain Plaza တည်ဆောက်နေမှု၊ Water Plaza နှင့် Water Fountain တို့ကိုလည်းကောင်း၊ Recreation Zone ရှိ မိသားစုအလိုက် အနားယူ အပန်းဖြေနိုင်သည့်နေရာနှင့် စားသောက်ဥယျာဉ် (Berbecue Garden) တည်ဆောက်နေမှုလုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်သည်များကိုတာဝန်ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၆-၆-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၆။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၅	၇။	အဆိုပြိုင်ပွဲ
၈:၂၅	၈။	ပုလင်းရေလှောင်တမံ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Say it in English

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၀၅	၂။	တေးဂီတအစီအစဉ်
၁၁:၂၀	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **“နက်ရှိုင်းမေတ္တာ”** (အပိုင်း-၄၈)
၁၂:၀၅	၅။	စစ်ကိုင်းတိုင်းပုထိုးလုံးတံတား
၁၂:၁၅	၆။	မြန်မာရုပ်ရှင် **“ပန်းတစ်ပွင့်ဖန်ဆင်းခြင်း”** (လွင်မိုး၊လူမင်း၊ ထက်ထက်မိုးဦး၊ လှအဥ္စလီတင့်) (ဒါရိုက်တာ-ကြည်ဖြူသျှင်)
၁၄:၄၅	၇။	International News

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
၁၇:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၂၅	၇။	စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၇:၃၅	၈။	တေးဂီတအစီအစဉ်
၁၇:၄၅	၉။	ကချင်ရိုးရာ ဝတ်စားဆင်ယင်မှု
၁၇:၅၀	၁၀။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၃၀	၁၁။	ညနေခင်းသတင်း
၁၉:၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **“နှင်းပွင့်”** (အပိုင်း-၁၈)
၁၉:၃၀	၁၄။	ဖားစည်သံဝေ ကရင်တို့ဌာနေ
၁၉:၄၅	၁၅။	ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	မြန်မာဗီဒီယိုဇာတ်လမ်း **“ဖူးစာလို့ပဲဆို”** (အပိုင်း-၂) (ကျော်သူ၊ ဒွေး၊ စိုးမြတ်နန္ဒာ၊ မြတ်ကေသီအောင်) [ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)]

လူ့ဘဝချမ်းသာဖို့ ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်စို့

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နှစ်စဉ် မေလ ၃၁ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (World No - Tobacco Day)ဟု သတ်မှတ်ထားသည်။ ကျွန်တော်သည် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ဖိတ်ကြားချက်အရ လုပ်ဖော်ကိုင်ဖက်များ၊ မိသားစုများ၊ လူနာများကို **"မိခင်နှင့် ကလေးကျန်းမာရေး ဆေးလိပ်ရှောင်ကြဉ်ပေး"** ခေါင်းစဉ်ဖြင့် ပညာပေးဟောပြောခဲ့ရသည်။ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ဝေသည့် **"ဆေးလိပ်အန္တရာယ်"** စာအုပ်ကို မှီငြမ်းပြု၍ ဟောပြောရာ အလွန်ကောင်းမွန်ပြည့်စုံသော စာအုပ်ဖြစ်သဖြင့် ချန်လှပ်၍ထားရန် အချက်မရှိသလောက်ပင်ဖြစ်သည်။ ထို့ကြောင့် ဟောပြောပြီး အပြန်အလှန်ဆွေးနွေးမေးမြန်းခန်းကိုအောက်ပါအတိုင်း ဆောင်ရွက်ခဲ့သည်။

မေး– ဆေးလိပ်၊ စီးကရက်၊ ဆေးရွက်ကြီး သောက်လို့၊ ငုံလို့ဖြစ်တဲ့ ရောဂါတွေကများတော့ တစ်ခေါက်ထပ်ပြီး ပြောပြပေးပါလားဆရာ။

ဖြေ – လည်ချောင်းကင်ဆာ၊ ပါးစပ်တွင်း ကင်ဆာများ၊ အသံအိုးနဲ့လည်မျိုကင်ဆာ၊ အစာပို့ပြွန်ကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ ဆီးအိမ်နှင့်ကျောက်ကပ်ကင်ဆာ၊ မုံ့ချိုအိမ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ သွေးကင်ဆာ၊ အသည်းကင်ဆာ၊ အဆုတ်ကင်ဆာ စသည်များ ဖြစ်စေတတ်ပါတယ်။ ဒါ့အပြင် အဆုတ်ပြွန်ရောင်ခြင်း၊ ပန်းနာရောဂါ၊ အစာအိမ်အနာ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ အရိုးပွအရိုးကျိုးလွယ်ခြင်းနဲ့ သွေးကြောအတွင်း သွေးခဲလွယ်ခြင်းကြောင့် Stroke လို့ခေါ်တဲ့ ကိုယ်တစ်ခြမ်းသေခြင်းများ ဖြစ်နိုင်ပါတယ်။ ပန်းသေပန်းညှိုး လွယ်ခြင်း၊ အမျိုးသမီးများ သားသမီး မထွန်းကားနိုင်ခြင်း၊ သားအိမ်ပြင်ပတွင် သန္ဓေတည်ခြင်း၊ သားပျက်သားလျှောတတ်ခြင်း၊ လမစေ့ဘဲ ကလေးမွေးခြင်း၊ ကလေးပေါင်ချိန်မပြည့်ခြင်း၊ ကလေးအသေမွေးခြင်း၊ မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းခြင်းတို့ ဖြစ်တတ်ပါတယ်။ အထူးသဖြင့်တော့ ဆေးလိပ်၊ စီးကရက်တစ်နေ့ ၁၀လိပ်သောက်သူဟာ မသောက်သူထက် ၃၉ဆ နှလုံးရောဂါပိုဖြစ်ပြီး ဦးနှောက်သွေးခဲပြီး (Stroke) ဒုက္ခရောက်ဖို့ ၂၂ဆ ပိုတယ်လို့ လေ့လာမှတ်သားလိုက်ကြပေါ့ဗျာ။

မေး – ဆေးလိပ်သောက်ရင်ဘယ်လောက်ကြာမှ ဒီရောဂါတွေဖြစ်တာလဲဆရာ၊ စသောက်ကတည်းကရော ဘာတွေဖြစ်နိုင်ပါသလဲ။

ဖြေ – ဘယ်လောက်ကြာမှ ဒီရောဂါတွေဖြစ်မယ်ဆိုတာ ပြောရခက်ပါတယ်။ ဆေးလိပ်သောက်တဲ့နှုန်း ပမာဏ၊ တစ်ဦးချင်းစီရဲ့စရိုက်နဲ့ မျိုးရိုးဗီဇပေါ်မှာ တည်ပါတယ်။ များများသောက်ရင် မြန်မြန်ရောဂါခံစားရမှာ သေချာပါတယ်။ စသောက်လျှင်သောက်ချင်း သုံးစက္ကန့်အတွင်း အဆုတ်၊ နှလုံး၊ ဦးနှောက်နဲ့ ခန္ဓာကိုယ်အနှံ့အပြား အဆိပ်ဓာတ်တွေ ရောက်သွားပြီး တစ်မိနစ်မှာ နှလုံးခုန်ချက် ၁၅မှ ၂၅အထိ တိုးလာပါမယ်။ သွေးပေါင်ချိန် ၁၀မှ၂၀အထိ တိုးလာနိုင်ပါတယ်။ ဆေးလိပ်ငွေ့များက နှုတ်ခမ်းနဲ့ ခံတွင်းအတွင်းမှရှိတဲ့ အမွေးပါးလေးများကို ချက်ချင်းပျက်စီးစေပါတယ်။ အသက်ရှုလမ်းကြောင်းကို ကျဉ်းသွားစေပြီး အဆုတ်လေအိတ်ကလေးတွေထဲမှာ ကင်ဆာဖြစ်စေတဲ့ ဓာတုပစ္စည်းများကို ကပ်နေစေပါတယ်။ အဲဒီကတစ်ဆင့် သွေးကြောထဲဝင်ပြီး ခန္ဓာကိုယ်အစိတ်အပိုင်း မျိုးစုံကို ချက်ချင်း ဒုက္ခပေးတော့တာပါပဲ။ သိသာတာနဲ့ မသိသာသေးတာပဲ ကွာတယ်။ ဘယ်သူ ဘယ်ဆေးလိပ်သောက်သောက် အန္တရာယ်ကတော့ မကင်းဘူးလို့ သဘောပေါက်ပေးပါ။

မေး – Passive Smoker လို့ခေါ်တဲ့ ကိုယ်တိုင်မသောက်ဘဲ ရှူရသူနဲ့ သောက်တဲ့သူ ဘယ်သူက ရောဂါအဖြစ်ပိုများမလဲ ဆရာ။

ဖြေ – အခန်းရဲ့အခြေအနေ၊ လေတိုက်နှုန်းထားပေါ်မှာ တည်ပါလိမ့်မယ်။ ခပ်လုံလုံ ခပ်ကျဉ်းကျဉ်းအခန်းမှာ ယောကျ်ားက ဆေးလိပ်သောက်၊ မိန်းမက ဝတ္ထုဖတ်နေကြမယ်ဆိုရင် လေဝင်လေထွက်နည်းလို့ အတူတူနီးပါး ထိခိုက်ပြီး ရောဂါဖြစ်နိုင်ပါတယ်။

မေး – ဆေးလိပ်က အရက်၊ ဘိန်းတို့လို စွဲစေသလားဆရာ၊ ဘာကြောင့်ပါလဲ။

ဖြေ – စွဲစေပါတယ်၊ စွဲစေတဲ့ မူးယစ်ဆေးထဲမှာ ဘိန်း(Opiate Type)၊ ဆေးခြောက်(Cannabis Type)၊စိတ်ကြွဆေး(Stimulant Type)နဲ့ နီကိုတင်းအမျိုးအစား(Cocaine Type)ဆိုပြီးရှိရာမှာ ဆေးလိပ်ထဲမှာ ပါတဲ့ နီကိုတင်းက စွဲစေတာပါပဲ။ စီးကရက်တစ်ရှိုက် ရှိုက်လိုက်ရုံနဲ့ ခုနစ်စက္ကန့်အတွင်း ဦးနှောက်အတွင်း နီကိုတင်းဓာတ်ရောက်ပါတယ်။ ၁၀ရှိုက်လောက် ရှိုက်ပြီဆိုရင် အရသာရှိသလိုလို ခံစားရတတ်ပါတယ်။ အဲဒါ စွဲစေခြင်းရဲ့အစပါပဲ။ ဆေးလိပ်သောက်ကျင့်ရှိသူ တစ်ယောက်ဟာ မသောက်ရလို့ စိတ်မကြည်လင်ခြင်း၊ စိတ်တိုခြင်း၊ စိတ်သောကရောက်ခြင်း၊ အိပ်မပျော်ခြင်းတို့ ဖြစ်လာပြီဆိုရင် ဆေးလိပ်စွဲနေပြီလို့ မှတ်ယူနိုင်ပါတယ်။

ဒေါက်တာလွင်ကို

မေး– ဆေးလိပ်မီးခိုးငွေ့နဲ့ ရှူလိုက်တဲ့အခိုးထဲမှာ ပါတယ်ဆိုတဲ့အဆိပ်ဓာတ်တွေက ဘာတွေပါလဲ၊ ဘယ်လိုဒုက္ခပေးတာပါလဲ၊ လေထဲမှာ အမြဲတည်နေရောလား ဆရာ။

ဖြေ– ဆေးလိပ်ငွေ့မှာ ဓာတုပစ္စည်းပေါင်း ၄၀၀၀ကျော် ပါဝင်ပြီးတော့ အဲဒီအထဲက ၆၀ဟာ အဆိပ်လို့ခေါ်ရလောက်အောင် ဒုက္ခပေးနိုင်ပြီး အရေးကြီးဆုံး ပြဿနာဖြစ်စေတာကတော့ အမှုန် ၁၂မျိုးနဲ့ အငွေ့ ရှစ်မျိုးပဲ ဖြစ်ပါတယ်။ အမှုန်တွေထဲက (၁)ကတ္တရာ၊ (၂)ပိုလီနျူကလီယား ဟိုက်ဒရိုကာဘွန်၊ (၃)ဖီနော၊ (၄) ခရီဆော၊ (၅) ဘီတာနက်သိုင်လမင်း၊ (၆)အင်နိုက်ထရိုဆိုနိုနီကိုတင်း၊ (၇)ဘင်ဇင်ပိုင်ရင်း၊ (၈)နီကယ်အာဇင်နစ်/ ပိုလိုနီယမ် ၂၁၀ စတဲ့ သတ္တုများ၊ (၉) ကက်တခေါ်လ်တွေက ကာစီနိုဂျင်ဆိုတဲ့ ကင်ဆာဖြစ်စေနိုင်တဲ့ ဓာတ်ဖြစ်ပြီး အင်ဒိုးလ်နဲ့ ကာဘာဂိုလ်တွေက အကြိတ်အခဲကို ကြီးမားစေပါတယ်။ နာမည်ကြီး နီကိုတင်းကတော့ အာရုံကြောများကို လှုံ့ဆော်နိုင်သလို ဖိနှိပ်တာပါတယ်။

အငွေ့ ၁၀ မျိုးထဲက (၁) နိုက်ထရိုဆာမင်း၊ (၂)ဟိုက်ဒရာဇင်း၊ (၃) ဗင်နိုင်းလ်ကလိုရိုက်တို့ကလည်း ကင်ဆာဖြစ်စေတတ်ပြီး (၁)ဟိုက်ခရိုဆိုင်ယနစ် အက်ဆစ်၊ (၂)အက်စီတော်ဒီဟိုက်၊ (၃) အက်ခရိုလိန်း၊ (၄) အမိုးနီးယား၊ (၅) ဖော်မယ်ဒီဟိုက်၊ (၆) နိုက်ထရိုင်ဂျင်အောက်ဆိုက်တွေက အသက်ရှူလမ်းကြောင်းမှာရှိတဲ့ အမွေးအမျှင်များကို လှုံ့ဆော်ခြင်း၊ အမွေးအမျှင်များအတွက် အဆိပ်ကို ဖြစ်စေပါတယ်။ ကာဗွန်မိုနောက်ဆိုက်ကတော့ အောက်ဆီဂျင်ဓာတ်ကို အနှောင့်အယှက် ပေးလေ့ရှိပါတယ်။ ဒါကြောင့် ဆေးလိပ်ငွေ့ရှူရရင် အဆိပ်ငွေ့ရှူရတယ်လို့ သဘောပေါက်ကြပါ။

ဆေးလိပ်ငွေ့တွေဟာ လေထဲမှာ အမြဲမရှိပါဘူး။ လေထဲမှာရှိတဲ့ တခြားဓာတ်တွေနဲ့ ဓာတ်ပြုပြီး တစ်ချိန်ချိန်မှာ ဓာတ်ပြောင်းကုန်ပါတယ်။

မေး– ဆေးလိပ်သောက်ရင် ဘယ်လောက်အသက်တိုတယ်ဆိုတာ ထပ်ရှင်းပြပါဦး ဆရာ။

ဖြေ– ဆေးလိပ်တစ်လိပ်သောက်တိုင်း သောက်တိုင်း ငါးမိနစ်ခွဲခန့် အသက်တိုပါတယ်။

နောက်တစ်နည်းကတော့ လူတွေရဲ့သက်တမ်းဟာ နှစ်၇၀ ဆိုပါစို့၊ အရွယ်ရောက်ပြီး တစ်စုံတစ်ယောက်ဟာ တစ်နေ့ကို စီးကရက် ၄၅လိပ်သောက်ရင် အသက် ၄၅နှစ်မတိုင်မီ သေမှာ အမှန်ပါပဲ။ နောက်ပြီး အသက် ၄၀ အောက် နှလုံးရောဂါခံစားနေရသူများရဲ့ ၇၆ ရာခိုင်နှုန်းဟာ စီးကရက်သောက်လို့ဆိုတာ လေ့လာသိရှိရပါတယ်။

ဒီနေ့ကမ္ဘာမှာ နှစ်စဉ် လူလေးသန်း ဆေးလိပ်သောက်လို့ သေရတယ်လို့ WHO က ပြောထားတော့ တွက်ကြည့်ရင် ရှစ်စက္ကန့်တိုင်းမှာ လူတစ်ယောက်ဟာ ဆေးလိပ်ကြောင့် သေနေရတယ်လို့ အဖြေပေါ်ပါတယ်။ ဒီစာရင်းထဲမှာ ကျွန်တော်တို့ဘယ်တော့မှမပါအောင် ကြိုးစားကြရအောင်ဗျာ။

မေး – ဆေးလိပ်ဖြတ်ရင်ကော ဘာအကျိုးရှိမှာလဲ၊ သောက်ခဲ့လို့ ဖြစ်ခဲ့တဲ့ ရောဂါတွေ ပြန်ပျောက်မှာလား။

ဖြေ – အကျိုးရှိတာပေါ့၊ ငွေကုန်သက်သာမယ်၊ အင်္ကျီ၊ လုံချည် ဆေးလိပ်မီးပေါက်သက်သာမယ်၊ ပါးစပ်ကမကောင်းတဲ့ ဆေးလိပ်နံ့မထွက်ဘူးပေါ့။ ဆေးလိပ်ကြောင့် ရောဂါခံစားနေရရင် အဲဒီရောဂါ သက်သာလာမှာပေါ့။ ပျောက်နိုင်တဲ့ရောဂါဆို ပျောက်သွားမှာပဲ။

လက်ငင်းရလဒ်ကတော့ ကိုယ်ခန္ဓာအတွင်းမှာ အဆိပ်များ သန့်စင်မယ်၊ နီကိုတင်းဓာတ်က ရှစ်နာရီအတွင်း ထက်ဝက်လျော့သွားပြီး ကာဗွန်မိုနောက်ဆိုက်ဓာတ်က ၂၄–၄၈နာရီအတွင်း သာမန်ဆေးလိပ်မသောက်သူလို ဖြစ်အောင် ပြယ်ကုန်မယ်။ အသက်ရှူချောင်လာမယ်။ အနံ့နဲ့အရသာ အာရုံခံမှုကောင်းလာမယ်။ သွားတွေ ဖြူလာပြီး ခံတွင်းအနံ့လည်း သန့်ရှင်းမယ်၊ ကြာရှည်ရလဒ်ကတော့ တစ်နှစ်အတွင်း နှလုံးရောဂါဖြစ်နိုင်ခြေ ထက်ဝက်လျော့သွားမယ်။

ဆေးလိပ် ၁၅နှစ်ဖြတ်ပြီးသူဆိုရင် သာမန်ဆေးလိပ်မသောက်ဖူးသူများကဲ့သို့ပဲ ဖြစ်လာမယ်။ ဆေးလိပ်သောက်လို့ နှလုံးရောဂါဖြစ်နေပြီးသူဆိုရင် သေနှုန်း ၅၀ရာခိုင်နှုန်း ကျသွားမယ်။ ဆေးလိပ်သောက်လို့ဖြစ်တဲ့ ပန်းနာ၊ ချောင်းဆိုး၊ လေပြွန်ရောင်တာတွေ ပျောက်ကုန်မှာပေါ့။ ဒါကြောင့် ဆေးလိပ်သောက်တတ်ရင် မြန်မြန်ဖြတ်ကြပါဗျာ။

မေး – ဆေးလိပ်ဖြတ်နည်း ရှိပါသလား။

ဖြေ – ရှိတာပေါ့၊ ဒါပေမယ့် ဖော်မြူလာတော့မရှိဘူး။ တစ်ယောက်နဲ့ တစ်ယောက်ဖြတ်ပုံဖြတ်နည်းချင်း ကွာမယ်ထင်ပါတယ်။

ယေဘုယျအားဖြင့်တော့ (၁)ဆေးလိပ်၏ဆိုးကျိုးများကို သေချာသိနား လည်ရမည်၊ (၂) ဆေးလိပ်ဖြတ်မည်ဟု သန္နိဋ္ဌာန်စိတ်ပြင်းပြစွာချမှတ် နိုင်ရမည်၊ (၃)ဆေးလိပ်သောက်လေ့ရှိတတ်သော အချိန်များတွင် ကိုယ်လက် လှုပ်ရှား အားကစားလုပ်လိုက်ပါ၊ သို့မဟုတ် လေးစားထိုက်သော ပုဂ္ဂိုလ်နှင့် စာ/စကားဆွေးနွေးလိုက်ပါ၊ (၄)အိမ်သို့လာသော မည်သည့်ဧည့်သည်ကိုမဆို ဆေးလိပ်ဖြင့် ဧည့်မခံပါနှင့်၊ အိမ်တွင် ဆေးလိပ်မထားပါနှင့်၊ (၅) ဆေးလိပ်ချင်ခြင်းတပ်လျှင် ရေအဝသောက်လိုက်ပါ၊ (၆) ဆေးလိပ် သောက်သောမိတ်ဆွေကို ရှောင်ပါ၊ (၇) ကျွန်ုပ် ဆေးလိပ်ဖြတ်ပြီဟု မိတ်ဆွေအပေါင်းအသင်းတို့အား ရဲရဲတင်းတင်းကြေညာလိုက်ပါ၊ (၈) အလှူမင်္ဂလာဆောင်တို့မှ ကမ်းသော ဆေးလိပ်ကိုလက်မခံပါနှင့်၊ မိမိအလှူလုပ်သောအခါတွင်လည်း ဆေးလိပ်ဖြင့် ဧည့်မခံပါနှင့်၊(၉)ယခင်က လစဉ်ဆေးလိပ်ဖိုးများကို တွက်ချက်၍ ထိုပမာဏရှိသောငွေကို ကုသိုလ်ပြု၍ အထပ်ထပ်ကြည်နူးကြည့်ပါ။ မိတ်ဆွေ ဆေးလိပ်ပြတ်သွားပါ လိမ့်မယ်။ စမ်းကြည့်ကြစမ်းပါ။

မေး –မြန်မာပြည်မှာ ဆေးလိပ်အန္တရာယ် ကင်းဝေးအောင် ကူညီကြပါလို့ ဆရာဟောပြောသွားပါတယ်၊ ကျွန်မတို့ဘယ်လိုကူညီရမှာလဲ။

ဖြေ – ကျေးဇူးတင်ပါတယ်၊ ဒီမေးခွန်းက တန်ဖိုးအရှိဆုံး မေးခွန်းပါ။

"ဆေးလိပ်အန္တရာယ်သည် အမျိုးသားရေးကို ထိခိုက်နိုင်သဖြင့် လူငယ်လူရွယ်များအား ဆေးလိပ်အန္တရာယ်ရှိမှုကို ယခုထက်ပိုမိုထိရောက်အောင် ပညာပေးကြဖို့ မှာကြားလိုပါတယ်"

လို့ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က (၂၆)ကြိမ်မြောက် အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးမှာ မိန့်ကြားခဲ့ပါတယ်။ ဒါကြောင့် မိမိပတ်ဝန်းကျင်မှာရှိတဲ့ ကြီးကြီးငယ်ငယ် ဘယ်သူမဆို ဆေးလိပ်မသောက်အောင် တားမြစ်ခြင်းဟာ အမျိုးသားရေးအန္တရာယ်ကို ကာကွယ်နေခြင်းလို့ မှတ်ယူယုံကြည်ပြီးတော့–

– ကျန်းမာရေးဝန်ထမ်းတိုင်းက လူနာတိုင်းကို
– ဆရာ ဆရာမတိုင်းက ကျောင်းသားကျောင်းသူတိုင်းကို
– ဆေးလိပ်မသောက်သူတိုင်းက ဆေးလိပ်သောက်သူမိတ်ဆွေတိုင်းကို
– အိမ်သူသက်ထားဇနီးတိုင်းက မိမိတို့၏ခင်ပွန်းတိုင်းကို
– မိဘတိုင်းက သားသမီးတိုင်းကို

ဆေးလိပ်မသောက်ရန်ချော့ခြင်း၊ ခြောက်ခြင်း၊ ငေါက်ခြင်း(ဗဟုသုတပေးခြင်း၊ ဖြန့်ဝေခြင်း၊ လက်ဆင့်ကမ်းခြင်း)နည်းမျိုးစုံနှင့် ဆောင်ရွက်ပေးခြင်းဖြင့် ကူညီကြပါလို့ မေတ္တာရပ်ခံပါတယ်။ အထူးသဖြင့်တော့ ဆေးလိပ်မဖြတ်နိုင်သေးတဲ့ ခင်ပွန်းကို ထမင်းခူးကျွေးရမယ့်အချိန်မှာ ဘုရားခန်းဝင်ပြီး စိပ်ပုတီးစိပ်နေလိုက်ပေါ့ဗျာ။ မိခင်များအားလုံးကို အားကိုးပါတယ်။ ။

အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် စားပွဲတင်တင်းနစ်အားကစားသမားများ တွေ့ဆုံမှာကြား

ရန်ကုန် ဇွန် ၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌသည် ဇွန် ၁၀ရက်မှ ၁၃ရက် အထိ အင်ဒိုနီးရှားနိုင်ငံဂျကာတာမြို့တွင် ကျင်းပမည့် (၁၀)ကြိမ်မြောက် အငယ်တန်း အမျိုးသားစားပွဲတင် တင်းနစ်ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့်မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော် ခေါင်းဆောင်သည့် အုပ်ချုပ်သူ၊ နည်းပြ၊ လေ့လာသူနှင့် ကစားသမားစုစုပေါင်း ၁၀ ဦးတို့အား ယမန်နေ့မွန်းလွဲ ၂နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)ရှိ ပတ္တမြားခန်းမတွင် တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးအား (၁၀) ကြိမ်မြောက်အငယ်တန်းစားပွဲတင် တင်းနစ်ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့်မြန်မာစားပွဲတင်တင်းနစ်အားကစားအဖွဲ့ဝင်များနှင့် တစ်ဦးချင်း မိတ်ဆက်ဂါရဝပြုပြီး မြန်မာစားပွဲတင် တင်းနစ်အဖွဲ့ခေါင်းဆောင် ဦးကျော်ကျော်နှင့် အုပ်ချုပ်သူ ဦးထွန်းနိုင်ဦးတို့က ပြိုင်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သူတို့ပါဝင်

အဆိုပါပြိုင်ပွဲတွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဦးကျော်ကျော်က ဆောင်ရွက်ပြီး အုပ်ချုပ်သူအဖြစ် အတွင်းရေးမှူးဦးထွန်းနိုင်ဦး(ဒု/မန်နေဂျာ၊မြန်မာပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း)သတ္တုတွင်းဝန်ကြီးဌာနက လည်းကောင်း၊ လေ့လာသူများအဖြစ် ဒုတိယဥက္ကဋ္ဌဦးမြမောင်၊ အမှုဆောင်ဦးသူရသွင်(M.D–ဖိုးလပြည့်)၊ တွဲဖက်အတွင်းရေးမှူးဦးဝင်းနိုင်နှင့် နည်းပြအဖြစ် လူငယ်နည်းပြ ဦးညီညီစိုး(ပို့ဆောင်ရေး)က ဆောင်ရွက်ပြီး အားကစားသမားများအဖြစ်မောင်ဘုန်းငွေစည်(ပထမနှစ်–အင်္ဂလိပ်စာ)၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းကမာရွတ်)မှ မောင်ရဲအောင်နိုင်နှင့် မောင်သီဟနိုင်၊ အထက(၆)မော်လမြိုင်မှ မောင်သက်ကိုကိုလတ်တို့ ပါဝင်ကြသည်။

(မြန်မာ့အလင်း)

ဇွန် ၄ ရက်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ဇွန် ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် (၁၀)ကြိမ်မြောက် အငယ်တန်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် အဖွဲ့ခေါင်းဆောင် ဦးကျော်ကျော် (ဥက္ကဋ္ဌ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်) ခေါင်းဆောင်သည့် မြန်မာလူငယ်စားပွဲတင်တင်းနစ်အဖွဲ့အား သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ(၁)တွင် တွေ့ရစဉ်။ (မြန်မာ့အလင်း)



အမှာစကားပြော

အီလက်ထရွန်နစ် ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အီလက်ထရွန်နစ် ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီ အစည်းအဝေး(၁/၂၀၀၄)နှင့် အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်းပြပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

❍ **ရွှေဖုံးမှ**

အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီအစည်းအဝေးသို့ အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းနှင့် ကော်မတီဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ခေတ်မီနိုင်ငံဖြစ်ရေး

အစည်းအဝေးတွင် အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ အစည်းအဝေးတွင် နိုင်ငံတော်၏ အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှု၊ သုံးစွဲမှုနှင့် ဆက်စပ်နေသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အီလက်ထရွန်နစ်လုပ်ငန်းရှင်များအားလုံးကို တစ်စုတစ်ဝေးတည်း စုစုစည်းစည်း တွေ့ရသည့်အတွက် ကြုံတုန်းကြုံခိုက်တွင် နိုင်ငံတော်၏ စက်မှုကဏ္ဍခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် နိုင်ငံတော်၏ မူဝါဒများကို အနည်းငယ် ရှင်းလင်းပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည့်အလျောက် လယ်ယာကုန်ထုတ်မှုစွမ်းအား မြင့်မားတိုးတက်ရေးအတွက် စက်မှုလယ်ယာစနစ်ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားလာရေးကိုဦးတည်သော လယ်ယာသုံးစက်ကိရိယာထုတ်လုပ်သည့် စက်မှုလုပ်ငန်းနှင့် လယ်ယာကဏ္ဍကို အခြေခံသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးတို့ကို အလေးထားအားပေး အကောင်အထည်ဖော်လျက်ရှိကြောင်း။

စက်မှုနိုင်ငံကူးပြောင်း

ဤကဲ့သို့ လယ်ယာကဏ္ဍကို အထောက်အကူပြုသည့် စက်မှုလုပ်ငန်းများကို ထူထောင်ရင်း တစ်ဖက်ကလည်း တိုင်းပြည်အတွက် လိုအပ်နေသည့် အခြားစက်မှုလုပ်ငန်းများကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်သွားပြီး ခေတ်မီစက်မှုနိုင်ငံတော်ကို ကူးပြောင်းသွားကြရမှာ ဖြစ်ကြောင်း။

ထို့ကြောင့် ၂၀၀၄-၂၀၀၅ ယခုနှစ်မှစပြီး နိုင်ငံတော်၏ စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် သိသိသာသာ ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် ရည်မှန်းချက်ချမှတ်ထားပြီး နိုင်ငံပိုင်ကဏ္ဍနှင့်ပုဂ္ဂလိကကဏ္ဍတို့ တက်ညီလက်ညီ ကြိုးစားနေသည့် အချိန်ကာလဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက-

- **ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ရန် စက်မှုထွန်းကားရန် လိုအပ်ကြောင်း၊ စက်မှု မထွန်းကားဘဲ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာမှာမဟုတ်ကြောင်း၊ ယနေ့ကမ္ဘာမှာ စက်မှုထွန်းကားသည့် နိုင်ငံများက စက်မှုခေတ်ကိုလွန်သည့် စက်မှုလွန်လူနေမှုပုံစံကို ချဉ်းကပ်နေကြပြီဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများသည် စက်မှုဖွံ့ဖြိုးဆဲအဆင့်ကို ဝင်ရောက်နေဆဲဖြစ်ပြီး ကမ္ဘာ့အစိတ်အပိုင်းအချို့မှာ စက်မှုခေတ်ကိုဆက်ခံသည့် ခေတ်သစ်တစ်ခုသို့ ဦးတည်နေပြီဖြစ်ကြောင်း၊ အဆင့်မြင့် နည်းပညာများသည် စီးပွားရေး၊ လူမှုရေးနယ်ပယ် အသီးသီးမှာ နေရာယူလာပြီး လျင်မြန်တဲ့ အရှိန်အဟုန်ဖြင့် ပြောင်းလဲ တိုးတက်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရကြောင်း။**
- **အသိပညာ၊ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုသည် နယ်ပယ်ကျယ်ဝန်းပြီး အလျင်အမြန်တိုးတက်ပြောင်းလဲနေကြောင်း၊ နိုင်ငံအသီးသီးသည် အသိပညာ၊ အတတ်ပညာကြွယ်ဝအောင် လှုပ်ရှားဆောင်ရွက်နေကြကြောင်း၊ အသိပညာနယ်ပယ်ခေတ်ဟု ပြောရလောက်အောင် အသိပညာ ကြွယ်ဝရေးအတွက် အားထုတ်နေကြကြောင်း၊ အသိပညာ၊ အတတ်ပညာ၊ သတင်းနှင့် ပြန်ကြားရေးစနစ်နှင့် ဗဟုသုတတို့သည် နိုင်ငံကို စွမ်းအားရှိအောင် ထူထောင်ရာတွင် အခြေခံကျသည့် လိုအပ်ချက်ပင်ဖြစ်ကြောင်း။**
- **ဒီလိုအခြေအနေမျိုးမှာ အနာဂတ်မျိုးဆက်သစ်အတွက် ခေတ်မီ နည်းပညာဆည်းပူးနိုင်အောင် ဖွဲ့စည်းဆောင်ရွက်နေတာဖြစ်ကြောင်း၊ အတတ်ပညာ၊ နည်းပညာ တိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍ၊ သမဝါယမကဏ္ဍတို့မှာလည်း စုစည်းလို့ရနိုင်သမျှ အင်အားဖြင့် ပူးပေါင်းဆောင်ရွက်နေတာကိုလည်း တွေ့မြင်နေရကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်လာရေးဟာ အားလုံးပူးပေါင်းဆောင်ရွက်ကြရမယ့် အမျိုးသားရေးတာဝန်ကြီး ဖြစ်လာကြောင်း**

ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်ရေးနှင့်စပ်လျဉ်းပြီး အခြေခံကျသည့် အချက်များကို အခါအားလျော်စွာ လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

ထင်သာမြင်သာလာ

နိုင်ငံတော်၏ စက်မှုကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်ရေးအတွက် ကြိုးပမ်းရာ၌ အီလက်ထရွန်နစ် စက်မှုလုပ်ငန်းသည် အရေးပါသည့် စက်မှုလုပ်ငန်းအဖြစ် ရပ်တည်လာသည်ကို မြင်တွေ့နေရကြောင်း၊ အထူးသဖြင့် နိုင်ငံတော်၌ ICT Centre များ တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ စာသင်ကျောင်းများ၌ ခေတ်မီသင်ကြားမှုနှင့် သင်ယူမှုပစ္စည်းကိရိယာများ တိုးချဲ့သုံးစွဲလာသည်နှင့်အမျှ အီလက်ထရွန်နစ်ပစ္စည်းများ၏အခန်းကဏ္ဍသည် ထင်သာမြင်သာလာကြောင်း၊ ဤသည်မှာ Electronic Hardware အပိုင်း ဖြစ်ကြောင်း။

Hardware များ သုံးစွဲလာမှုသည် စီးပွားရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သတင်းနှင့်ဆက်သွယ်ရေးကဏ္ဍစသည့် ကဏ္ဍစုံ၌ တိုးချဲ့သုံးစွဲလာသည်နှင့်အမျှ Hardware ပိုင်း ချို့ယွင်းမှုနှင့် Software ပိုင်း ချို့ယွင်းမှုတို့ကို မလွဲမသွေ ရင်ဆိုင်ကြုံတွေ့လာရခြင်းဖြစ်ကြောင်း၊ ဥပမာအားဖြင့် ခေတ်မီစက်ရုံကြီးတစ်ခုလုံး၏လည်ပတ်မှုကို Computer Programming ဖြင့် ဗဟိုစက်ခန်းမှ ထိန်းကျောင်းရာ၌ Network Card တစ်ခု ပျက်စီးသွားမည်ဆိုလျှင် စက်ရုံတစ်ခုလုံး၏ ထုတ်လုပ်မှုရပ်ဆိုင်းထိခိုက်ရခြင်းမျိုးဖြစ်တတ်ကြောင်း။

ထို့အပြင် Mechatronic ပစ္စည်း၊ Optronic ပစ္စည်းများတွင်လည်း ခေတ်မီ Programming အပိုင်း ပါရှိလာသည်ကို တွေ့ရှိရကြောင်း။

အကြမ်းဖျင်းခွဲခြားနိုင်

ဤ Programming တွင်လည်း Low Level နှင့် High Level ကွာခြားပြန်ကြောင်း၊ High Level Programming သည် Application Software များဖြစ်ပြီး Hardware ပေါ်တွင်အခြေခံ၍ အသုံးချဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ Low Level Programming သည် Programmable IC များပေါ်တွင် Program ရေးသားထည့်သွင်း၍ လိုအပ်သလို စက်ကို ထိန်းချုပ်မောင်းနှင်ဆောင်ရွက်ခြင်းဆိုပြီး အကြမ်းဖျင်းခွဲခြားနိုင်ကြောင်း။

ခေတ်မီစက်ရုံ အလုပ်ရုံကြီးများရှိသည့် စက်ကိရိယာအားလုံးနီးပါးခန့်သည် အလိုအလျောက် မောင်းနှင်သည့်စနစ် Auto Machinning System များဖြစ်သည့်အတွက် အဓိကအရေးပါသည့် အစိတ်အပိုင်းသည် Controller Card များသာ ဖြစ်သည်ဆိုသည်ကို တွေ့ရကြောင်း၊ ဤကတ်များကိုလေ့လာကြည့်လျှင် အရေးပါသည့် IC များ တပ်ဆင်ထားသည့် PCB တစ်ခုသာဖြစ်ပြီး အနည်းဆုံး One Layer မှ Four Layer အထိ ဒီဇိုင်းပြုလုပ်ထားသည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် Electronic စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ဤ Low Level ပိုင်းကို အားပေးရန် လိုအပ်ကြောင်း၊ အချို့ IC များသည် ဈေးကွက်၌ အလွယ်တကူဝယ်ယူရရှိနိုင်သော်လည်း အချို့မှာ ထုတ်လုပ်သူ၏ ကိုယ်ပိုင်ဒီဇိုင်း Customize IC များဖြစ်နေသည့်အတွက် Program အား တုပဖော်ထုတ်ရေးသားရန် ခက်ခဲမှုရှိပြီး အချိန်ကြာမြင့်တတ်ကြောင်း။

အချို့မှာ သီးခြား IC များကို လိုအပ်သလိုပေါင်းစပ်၍ Chip set တစ်ခုအနေဖြင့် ထုတ်လုပ်ထားသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ပိုမိုတိကျ၊ ပိုမိုသေးငယ်၊ ပိုမိုဈေးသက်သာသည့် အီလက်ထရွန်နစ်ပစ္စည်းများကို ထုတ်လုပ်သုံးစွဲသည့် Microprocessor ခေတ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း။

နယ်ပယ်စုံ၌ဖြစ်ပေါ်နေ

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအီလက်ထရွန်နစ်ပစ္စည်း၊ အိမ်သုံး၊ ရုံးသုံးအီလက်ထရွန်နစ်ပစ္စည်း၊ တစ်ကိုယ်ရေသုံး ကွန်ပျူတာ၊ စက်ရုံသုံး၊ ဆေးရုံသုံး၊ ဓာတ်ခွဲခန်းသုံး၊ စစ်သုံး၊ အာကာသသုံး စသည့် အီလက်ထရွန်နစ်ပစ္စည်းများသည် နယ်ပယ်စုံ၌ အမျိုးအစားစုံ ဖြစ်ပေါ်နေပြီဖြစ်ကြောင်း။

အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း အရေးပါလာသည်နှင့်အမျှ မိမိတို့ကလည်း အရည်အသွေး၊ အဆင့်အတန်းမီသည့် အီလက်ထရွန်နစ်ပစ္စည်းများကို တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းကြရမှာဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်မှုကို သုံးသပ်ကြည့်မည်ဆိုလျှင် ကိုယ်ပိုင်ဒီဇိုင်းပညာဖြင့် ထုတ်လုပ်ခြင်း၊ ပြည်ပမှ အဓိကပစ္စည်းအစိတ်အပိုင်းများ တင်သွင်းပြီး တပ်ဆင်ထုတ်လုပ်ခြင်း၊ ပြည်ပမှကုန်ကြမ်းနှင့် နည်းပညာတင်သွင်းပြီး လက်ခစားကုန်ချောထုတ်လုပ်ခြင်း စသည်ဖြင့် အကြမ်းဖျင်းသုံးမျိုး သုံးစားတွေ့ရမှာဖြစ်ကြောင်း။

အားနည်းနေဆဲ

ဤထုတ်လုပ်မှုအပိုင်းတွင် နည်းပညာမြင့်မားမှု၊ ကျွမ်းကျင်လုပ်သားလိုအပ်မှု၊ စံချိန်စံညွှန်းအလေးထားမှု၊ ဈေးကွက်ယှဉ်ပြိုင်ရမှု စသည့်အကြောင်းများကြောင့် တိုးတက်သင့်သလောက် မတိုးတက်နိုင်သေးဘဲ အားနည်းနေဆဲဖြစ်သည်ဟု သုံးသပ်ရမှာဖြစ်ကြောင်း။

သို့ရာတွင် အီလက်ထရွန်နစ်ပစ္စည်း တပ်ဆင်ပြင်ဆင်ခြင်း(Services)၊ ရောင်းဝယ်ခြင်း(Trade)နှင့် အီလက်ထရွန်နစ်ပညာ သင်တန်းပေးခြင်း (Training) အပိုင်းများကို ကြည့်မည်ဆိုလျှင် ရန်ကုန်မြို့တစ်ခုတည်းမှာပင် လုပ်ငန်းပေါင်း ၂၅၀ခန့်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေသည်ကို မြင်တွေ့ရမှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ အီလက်ထရွန်နစ်လုပ်ငန်းပိုင်းသည် ရှေ့ကို တိုးတက်သည်ထက် တိုးတက်သွားရန် အခြေအနေများရှိနေပြီဟု ဆိုရမှာဖြစ်ကြောင်း။

နိုင်ငံခြားဈေးကွက်ထိုးဖောက်

ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်မှလည်း နိုင်ငံတော်သည် ရေရှည်တွင် ပြည်ပနိုင်ငံများအပေါ် မှီခိုအားထားနေရမှု လျော့နည်းကျဆင်းပြီး သွင်းကုန်အစား ထိုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းလာမှာဖြစ်သကဲ့သို့ အချို့ပစ္စည်းများကိုလည်း နိုင်ငံခြားဈေးကွက်အထိ ထိုးဖောက်တင်ပို့နိုင်သည့် အခြေအနေအထိ တိုးတက်အောင်မြင်လာမှာ ဖြစ်ကြောင်း။

ဤအစည်းအဝေးမတိုင်ခင် ကြိုတင်ကျင်းပခဲ့သည့် ညှိနှိုင်းချက်များအရ နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိက အီလက်ထရွန်နစ်လုပ်ငန်းရှင်များအကြား ဆက်သွယ်ပေါင်းစပ်မှု အားကောင်းလာပြီး အချင်းချင်းလုပ်ငန်းအတွေ့အကြုံ၊ နည်းပညာနှင့် အမြင်ချင်းဖလှယ်နိုင်ခဲ့ပြီး ပြန့်ကျဲနေသည့် အီလက်ထရွန်နစ်လုပ်ငန်းရှင်များကိုလည်း စတင်စုစည်းပေးနိုင်ခဲ့ပြီဟုဆိုနိုင်ကြောင်း။

ဤစုစည်းမှုကနေ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပညာရှင်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စုပေါင်းစွမ်းအားကိုရယူပြီး နိုင်ငံတော်၏ စက်မှုကဏ္ဍကြီးတိုးတက်ရန် အဆင့်မြင့်နည်းပညာသုံး အီလက်ထရွန်နစ် စက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် အရည်အသွေးမြင့် အီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်နိုင်စေရန်အတွက် အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်သူလုပ်ငန်းရှင်များ၏ အစုအဖွဲ့တစ်ခု ဖွဲ့စည်းရန်အထိ ရည်ရွယ်ထားသည်ဟု ကြားသိရကြောင်း။

ကြိုးစားအားထုတ်

ဤရည်ရွယ်ချက်အတိုင်း အကောင်အထည်ဖော်ရန် သင့်မသင့်နှင့် အခြားလိုအပ်ချက်များကို ယနေ့အစည်းအဝေးတွင် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြရန်လိုကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ စေတနာနှင့် လမ်းညွှန်ချက်ကိုလည်း သိရှိပြီးဖြစ်သည့်အတွက် ရှေ့ဆက်ပြီး နိုင်ငံတော်အပိုင်းကရော ပုဂ္ဂလိကအပိုင်းကပါ ယခုထက်မက ကြိုးစားအားထုတ် ဆောင်ရွက်သွားကြရန် အားပေးစကားပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပုဂ္ဂလိက အီလက်ထရွန်နစ်လုပ်ငန်းရှင်များအနေဖြင့် မိမိတတ်ကျွမ်းသည့်နည်းပညာကို အသုံးပြုပြီး အရည်အသွေးရှိ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး၊ ကျွမ်းကျင်လုပ်သားများ ပေါက်ဖွားနိုင်သည့် CMP လုပ်ငန်းများ ထပ်မံပေါ်ထွက်လာနိုင်ရေး၊ ပြည်ပနည်းပညာရရှိနိုင်မည့် ဖက်စပ်လုပ်ငန်းများ ထူထောင်နိုင်ရေး၊ မိမိကိုယ်ပိုင်နည်းပညာဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် သုတေသနလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်ရေး အကြံပြုဆွေးနွေးပေးကြပါဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အီလက်ထရွန်နစ်ကုမ္ပဏီများအနေဖြင့် Research & Development ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လိုအပ်ပုံနှင့် လိုအပ်ချက်များကို ဥပဒေစည်းကမ်းများနှင့်အညီ ညှိနှိုင်းပံ့ပိုးပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ အတတ်ပညာရှင်များမွေးထုတ်ပေးလျက်ရှိသည့် အခြေအနေနှင့် လုပ်ငန်းရှင်များအတွက် ပေါင်းစပ်ဖြည့်ဆည်းပေးနိုင်သည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁

6-6 (11).p65 1 03/24/1905, 8:55 PM

သံရွာစံပြကျေးရွာ ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်အားပေး

ရန်ကုန် ဇွန် ၅

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် သံရွာစံပြကျေးရွာ၌ ဆောက်လုပ်ပြီးစီးသွားသော သံရွာစံပြကျေးရွာ ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁ ရက် နံနက် ၉ နာရီခွဲက အဆိုပါ ဆေးရုံသစ်ရှေ့မှခ်ဦး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် တက်ရောက်အားပေးသည်။

မင်္ဂလာအချိန်တွင် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က သံရွာစံပြကျေးရွာ ပြည်သူ့ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တက်ရောက်လာကြသော ဧည့်သည်တော်များသည် သံရွာစံပြကျေးရွာ ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးကြသည်။ **(ယာပုံ)**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ခွဲစိတ်ခန်းသုံးကိရိယာများ တပ်ဆင်ထားရှိမှု သားဖွားခန်း၊ အမျိုးသမီးလူနာဆောင်၊ တာဝန်ကျ သူနာပြု နားနေခန်းနှင့် ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်းတို့ကို လိုက်လံကြည့်ရှု စစ်ဆေးကြသည်။

သံရွာစံပြကျေးရွာသည် ဧရိယာ ၃၈ဒသမ၉ စတုရန်းမိုင် ကျယ်ဝန်းပြီး အနီးတစ်ဝိုက်တွင် ကျေးရွာအုပ်စု ၁၁ အုပ်စုနှင့် ကျေးရွာပေါင်း ၁၅ ရွာရှိကာ လူဦးရေ စုစုပေါင်း ၁၂၅၅၀ ရှိသည့်အတွက် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ရန် (၂၅) ခုတင်ဆံ့ ဆေးရုံတစ်ခု ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ သံရွာစံပြကျေးရွာသည် ရန်ကုန်-မန္တလေး ကားလမ်း ဟန်မြင့်မိုရ် ကျေးရွာလမ်းခွဲမှ ဟန်မြင့်ရ်-ရွှာင်သွား ကားလမ်းပေါ်၌ တည်ရှိသဖြင့် ဒေသခံ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် ကျောက်ဆည်မြို့သို့လည်းကောင်း၊ မန္တလေးမြို့သို့လည်းကောင်း သွားရန် မလိုတော့ဘဲ သံရွာစံပြကျေးရွာ ပြည်သူ့ဆေးရုံ၌ပင် ကုသ နိုင်တော့မည် ဖြစ်သည်။

အဆိုပါ ဆေးရုံသည် အလျား ၂၂၄ပေ၊ အနံ ပေ ၁၆၀ရှိ တစ်ထပ်သံကူကွန်ကရစ် အဆောက်အအုံဖြစ်သည်။

တိုက်နယ်ဆေးရုံ (မိုင်းမော)

အလားတူ မန္တလေးတိုင်း ကျောက်ဆည်ခရိုင်မြစ်သားမြို့နယ် မိုင်းမောကျေးရွာရှိ တိုက်နယ်ဆေးရုံ (မိုင်းမော) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁ရက် နံနက် ၁၁နာရီအချိန်တွင် အဆိုပါတိုက်နယ်ဆေးရုံရှေ့မျက်နှာစာ၌ ကျင်းပရာ ဝန်ကြီး ဒေါက်တာကျော်မြင့်တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးကျင်လင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းအောင်၊ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာ ဦးဝင်းရှိန်၊ မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးထွန်းနှင့် ဆရာဝန်ကြီးများ၊ မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းနှင့် တာဝန်ရှိသူများ၊ တိုက်နယ်ဆေးရုံ (မိုင်းမော)မှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြစ်သားမြို့နယ် တိုက်နယ်ဆေးရုံ (မိုင်းမော) အဆောက်အအုံကို ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် မန္တလေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးကျင်လင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တိုက်နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ တိုက်နယ်ဆေးရုံဖွင့်လှစ်ခဲ့သည့် မြစ်သားမြို့နယ် မိုင်းမောရွာသည် ကျေးရွာအုပ်စု ၁၀အုပ်စု၊ ကျေးရွာပေါင်း ၄၂ရွာနှင့် လူဦးရေ ၂၂၉၈၀ရှိသည့်အတွက် ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးနိုင်ရန် တိုက်နယ်ဆေးရုံဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

တိုက်နယ်ဆေးရုံသည် အလျား ၁၂၈ပေ၊ အနံ ၉၉ပေရှိ သံကူကွန်ကရစ် တစ်ထပ်အဆောက်အအုံ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးလုပ်ငန်း ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၅

ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်း လုပ်ငန်းသို့ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်၌ အေးရှားဝေါလ် ကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က စီမံကိန်းလုပ်ငန်း ပြီးစီးမှုအခြေအနေ၊ မိုးရာသီတွင် လုပ်ဆောင်မည့်လုပ်ငန်းများ၊ စီမံကိန်း လုပ်ငန်း ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက အသစ်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် လက်ရှိ လေဆိပ် အဆောက်အအုံနှင့်ဆက်စပ်လုပ်ကိုင်ရာတွင် လေဆိပ်လုပ်ငန်းများ မထိခိုက်စေရေး ကြိုးကြပ်ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်း တင်ပြကြရာ ဝန်ကြီးက လေဆိပ်ကြီး စံချိန်စံညွှန်းမီမီဖြင့် သတ်မှတ်ကာလထက် စောပြီးအောင် ဆောင်ရွက်ကြရေး မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း အဆောက်အအုံလုပ်ငန်းများ၊ မြေသားလုပ်ငန်းများနှင့် ရေသွယ်မြောင်းများ ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းပြသချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီးဗိုလ်ချုပ်စောထွန်း လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇွန် ၅

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၉ ရက်က ကျိုင်းတုံမြို့သို့ ရောက်ရှိရာ ကျိုင်းတုံမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံး၌ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး တိုးတက်ပြုပြင်နေမှုအခြေအနေများကို တာဝန်ခံအင်ဂျင်နီယာများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့သည် မေ ၃၀ ရက် နံနက်ပိုင်းတွင်ကျိုင်းတုံမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ၍ တိုးချဲ့ဖောက်လုပ်နေသော လုပ်ငန်းပြီးစီးမှု အခြေအနေများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး မိုင်းပျဉ်း-တုံတာ အပိုင်း လမ်းတိုးချဲ့ပြီးစီးမှုအခြေအနေများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။

တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် မေ ၃၁ ရက် နံနက်ပိုင်းတွင် မိုင်းပျဉ်းမြို့မှမော်တော်ယာဉ်များဖြင့်ထွက်ခွာပြီး ပန်ခင်း-မိုင်းပျဉ်း အပိုင်းမိုင်(၃၂၆/၃)၌ ကျောက်ရိုးစီအုတ်နံရံနှင့် ရေမြောင်းဆောင်ရွက် ပြီးစီးမှုနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ၊ တာကော-ပန်ခင်းလမ်းအပိုင်း၌ လမ်းအကျယ် ပေ ၃၀ ချဲ့ထွင်ခြင်းလုပ်ငန်းနှင့် မိုင်တိုင် ၂၈၆ရှိ ကျောက်မိုးစွန်းလမ်းကျဉ်းနေရာကို ကျောက်ကမ်းပါးရုံဖြို၍ လမ်းချဲ့ထွင်မှုလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

နိုင်ငံခြားဘာသာစကားပြော သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၅

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၌ အခြေခံဗုဒ္ဓဘာသာဗဟုသုတများ ပါဝင်သော ပြင်သစ်ဘာသာ၊ ဂျာမန်ဘာသာ၊ စပိန်ဘာသာ၊ အင်္ဂလိပ်ဘာသာလေးမျိုးဖြင့် ညနေပိုင်း နိုင်ငံခြားဘာသာစကားပြော လေးလအချိန်ပိုင်းသင်တန်းများကို ဇွန်လအတွင်း သင်ကြားပို့ချမည်ဖြစ်သည်။

အခြေခံပညာအထက်တန်း (က)အဆင့်၊ (ခ)အဆင့်၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့် ဘွဲ့တစ်ခုခုရရှိထားသော စိတ်ပါဝင်စားသူများ တက်ရောက်သင်ကြားနိုင်ပြီး အသေးစိတ်အချက်အလက်များကို မော်ကွန်းထိန်းရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၅၀၇၁၂ သို့ ဖြစ်စေ ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုဇွန်တောင်ဘဏ်ခွဲ အဆောက်အအုံတည်ဆောက်မှု ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ စစ်ဆေး

ရန်ကုန် ဇွန် ၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေသည် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်း လိုက်ပါလျက် မေ၃၁ရက်နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် လက်ဝဲမင်းဒင်လမ်းနှင့် လယ်ယာရွှေမြေလမ်းထောင့်ရှိ အသစ်ဆောက်လုပ်လျက်ရှိသော မြန်မာ့စီးပွားဘဏ် ပုဇွန်တောင်ဘဏ်ခွဲ အဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ အိုလံပစ် ဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာကုမ္ပဏီလီမိတက်မှ ညွှန်ကြားရေးမှူး ဦးထွန်းအောင်စန်းက မြန်မာ့စီးပွားရေးဘဏ် ပုဇွန်တောင် ဘဏ်ခွဲအသစ် ဆောက်လုပ်ပြီးစီးနေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မှာကြား

တင်ပြချက်များအပေါ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ သင်တန်းခန်းမ၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော လက်ထောက်မန်နေဂျာသင်တန်း(၁/၂၀၀၄) ပို့ချနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)နှင့် ဘဏ်ခွဲ(၂)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာသက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ငွေသွင်း/ငွေထုတ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၃ မှ

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူအသင်းဥက္ကဋ္ဌ Mr. Teddy Chiaက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး (၁၁)ကြိမ်မြောက် နှစ်ပတ်လည် ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ Mr. David Teng က ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆိုင်မွန်တန်ဆင်ဒီခရုဇ်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရုဇ်က မြန်မာနိုင်ငံ ပညာရေးကော်မတီအတွက် အလှူငွေ ကျပ် သိန်း ၄၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လက်ခံသည်။

ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက်၂၀၀၄ခုနှစ်(၁၁)ကြိမ်မြောက် နှစ်ပတ်လည်ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲ Division (A) ပြိုင်ပွဲ၌ ပထမဆုရရှိသော Mr. Victor Seah အား လည်းကောင်း၊ Division (B)ပြိုင်ပွဲ၌ ပထမဆုရရှိသော ဒေါက်တာမြဦးအား လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲ၌ ပထမဆုရရှိသော Miss Chan Chan နှင့် ကျန်ဆုရရှိကြသူများအားလည်းကောင်း တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူအသင်း၏ ၂၀၀၄ ခုနှစ် (၁၁)ကြိမ်မြောက် နှစ်ပတ်လည် ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲတွင် Tiger, Accel Int'l Co., Ltd., Air Mandalay, Rothman of Pall Mall-Myanmar, Pan-West, Grand Mee Yahta နှင့် မြန်မာနိုင်ငံရှိ စင်ကာပူကုမ္ပဏီများက ပါဝင်ပံ့ပိုးကူညီခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ပန်းတောင်းမြို့နယ် ကြခပ်ရပ် အခြေခံပညာ မူလတန်းလွန်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ပြည်ထဲရေး)

ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင် မကွေးနှင့် ပဲခူးတိုင်းရှိ ရဲစခန်းများစစ်ဆေး ပြည်သူလိုအပ်ချက် အင်တိုက်အားတိုက် ပါဝင်ရေးမှာကြား

ရန်ကုန် ဇွန် ၅

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်သည် မကွေးတိုင်းနှင့် ပဲခူးတိုင်း(အနောက်)ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အကျဉ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁ ရက်တွင် တပ်ဖွဲ့ဦးစီးဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်သည် ဇွန် ၁ ရက်တွင် မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် သစ်ယာကောက်ရဲစခန်း၊ ဆပ်သွားရဲစခန်း၊ ကိုးပင်ရဲစခန်း၊ အောင်လံရဲစခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တပ်ဖွဲ့ဝင်များ၊ မိသားစုများနှင့် တွေ့ဆုံပြီး ရပ်ရွာအေးချမ်းရေး၊ လုံခြုံရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ပြည်မြို့ရှိ ပဲခူးတိုင်း(အနောက်) ရဲတပ်ဖွဲ့မှူးရုံး၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ တိုင်း၊ခရိုင်၊ မြို့နယ်အဆင့်များနှင့် တွေ့ဆုံပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်နှင့် အမျိုးသားညီလာခံအောင်မြင်ရေးအတွက် အသိစိတ်ဓာတ်ဖြင့် တက်ကြွစွာပိုင်းဝန်းဆောင်ရွက်ရေး၊ ပြည်သူလူထု လိုအပ်ချက်များကို အင်တိုက်အားတိုက် ကူညီ ဆောင်ရွက်ပေးရေး၊ ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားကောင်းမွန်သော ဝန်ထမ်းများအဖြစ် ကျင့်ကြံနေထိုင်ရေး မှာကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးကြီးတင်လှိုင်သည် ပန်းတောင်းမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေစိုက်စခန်းရုံး၌ ကွန်ပျူတာ၊ပရင်တာ၊ ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တို့ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးသည် ကြခပ်ရပ် အခြေခံပညာမူလတန်းလွန်ကျောင်းဆောင်သစ်ကို တက်ရောက်ဖွင့်လှစ်ပေးသည်။ ထိုမှတစ်ဆင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုပြီး ကျောင်းအတွက် ရေရရှိရေး ကူညီဆောင်ရွက်ကာ စာအုပ်စာတမ်းများ လှူဒါန်းသည်။

(သတင်းစဉ်)

● ကျောဖုံးမှ

ဂရိအနိုင်ရ

ဇွန် ၃ ရက်က လက်ချင်စတိန်း၌ ယှဉ်ပြိုင်ကစားသော ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင် ဂရိအသင်းက လက်ချင်စတိန်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင် ရရှိသွားသည်။ ဂရိအသင်းအတွက် ပထမဂိုးကို ၂၄ မိနစ်တွင် ဗရီဇတ်စ်ကလည်းကောင်း၊ ဒုတိယဂိုးကို ၈၉မိနစ်တွင် အန်ဂျလိုခရစ္စတီးကလည်းကောင်း သွင်းယူပေးသည်။ ခြေစစ်ပွဲမအောင်သောပိုလန်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော ဂရိအသင်းအတွက် ယခုပွဲ အနိုင်ရရှိလိုက်ခြင်းကြောင့် အားတက်စရာဖြစ်သွားစေခဲ့သည်။

လူစာရင်းထုတ်ပြန်

ဂရိအသင်း၏ နည်းပြ ဂျာမနီလူမျိုး အော့တိုရီဟာဂျယ်က လက်ချင်စတိန်းကို အနိုင်ရရှိသည့် ခြေစမ်းပွဲအပြီးတွင် ဂရိအသင်း၏ အပြီးသတ်လူစာရင်း၂၃ဦးကို ထုတ်ပြန်ကြေညာလိုက်သည်။

ဂရိလက်ရွေးစင်အသင်းတွင် **(ဂိုး)** အန်တိုနစ်ကိုပိုလီဒစ်(ပါနာသီနာကော့)၊ ကော့စကတ်ချာကီရတ် (ပါနာသီနာကော့)၊ ဗာနစ်ကာတာဂီယန်နာကစ် (အိုလံပီယာကော့စ်)၊ **(နောက်တန်း)** ထရာရီရာနော့ ဒဲလတ်စ် (ရိုးမား)၊ ယာနစ်ဂူးမက်စ် (ပါနာသီနာကော့)၊ ရော်ကတ်ဆိုင်တာ ရစ်တစ် (ပါနာသီနာကော့)၊ တာကစ်ဖိုင်ဆတ်စ် (ဘင်ဖိကာ)၊နီကော့ဒါဘီဇတ်(လက်စတာ)၊ စတီလိုက် ဗန်နီတီဒစ် (အိုလံပီယာကော့)၊ မီချာလစ်ကတ်ဆစ်(အေအီးကေအေသင်)၊ **(အလယ်တန်း)** ကော့စတက်ကတ်ဆူရာနစ် (အေအီးကေအေသင်)၊ အန်ဂျီလော့ဗာဆီနတ် (ပါနာသီနာကော့)၊ ကီရိုဒိုရော့ဇာဂိုရာကစ်(အေအီးကေအေသင်)၊ ပန်တီလစ်ကာဖတ် (အိုလံပီယာကော့စ်)၊ ဗက်ဆီလစ်လာကစ် (အေအီးကေအေသင်)၊ ဗာဆီလစ် တဆာတတ် (အေအီးကေအေသင်)၊ ဂျော်ဂျီယာဒစ် (အိုလံပီယာကော့စ်)၊ ဂီယန်နာကိုပူးလော့(ဘော်လတန်)၊ ကာရာဂူးနစ် (အင်တာမီလန်)၊ **(ရှေ့တန်း)** ဒီဖီထရော့ပါပါဒိုပူးလော့ (ပါနာသီနာကော့)၊ ဇီဇစ်ဗရိုင်ဇတ် (ဖီအိုရင်တီနာ)၊ အန်ဂျလိုခရစ္စတီး (ဝါဒါဘရီမင်)၊ ဒီမစ်နီကိုလိုင်ဒစ် (အက်သလေတီကို) တို့ ပါဝင်ကြသည်။

ဂျာမနီအသင်း

အုပ်စု(ဃ)တွင် ပါဝင်လျက်ရှိသော ဂျာမနီလက်ရွေးစင်အသင်း၏ အပြီးသတ် လူစာရင်း ၂၃ ဦးကို နည်းပြ ရူဒီဗောင်လာက ဇွန် ၃ ရက်၌ အတည်ပြု ကြေညာလိုက်ပြီဖြစ်သည်။ ဂျာမနီ အသင်းတွင် **(ဂိုး)** အိုလီဗာခန်း (ဘိုင်ယန်မြူးနစ်)၊ ဂျင်းလေမန်း (အာဆင်နယ်)၊ ဟိုင်ဘရန်း(စတုဂတ်)၊ **(နောက်တန်း)** ဖရန့်စ်ဘောမန်း (ဝါဒါဘရီမင်)၊ ဖရက်ဒရစ်ချ် (ဟာသာဘာလင်)၊ ဟင်ကယ် (စတုဂတ်)၊ ဖိလစ်လန်းမ်(စတုဂတ်)၊ နီဝေါ့တနီ (လေဗာကူဆင်)၊ ခရစ္စတီယန်ဝန်းစ် (ဒေါ့ခ်မွန်)၊ ခရစ္စတီယန်ရာဟင် (ဟမ်းဘတ်)၊ **(အလယ်တန်း)** မိုက်ကယ် ဘောလက်(ဘိုင်ယန်မြူးနစ်)၊ ဖေဘီယန်ဘားနက်စ်(ဝါဒါဘရီမင်)၊ စတိုင်ဂျာ(ဘိုင်ယန်မြူးနစ်)၊ တော်စတင်ဖရင်းဖ် (ဒေါ့ခ်မွန်)၊ ဟာမန်း (လီဗာပူး)၊ ဂျင်ဂျရမီးလ် (ဘိုင်ယန်မြူးနစ်)၊ ဆီဘက်ရှန်ခါးလ်(ဒေါ့ခ်မွန်)၊ ဘန်းရှနိုက်ဒါ (လေဗာကူဆင်)၊ **(ရှေ့တန်း)** ဖရက်ဒီဘိုဘစ် (ဟာသာဘာလင်)၊ သောမတ်စ်ကားဒရစ် (ဟန်နိုဗာ)၊ ကူရာညီ(စတုဂတ်)၊ ကလိုဆေး(ကိုင်ဇာဆလော့တန်)၊ ပိုဒေါ့စကီး(ကိုလုံး)တို့ ပါဝင်ကြသည်။

ချက်အသင်း

အုပ်စု(ဃ)၌ပါဝင်လျက်ရှိသော ချက်အသင်း၏အပြီးသတ်လူစာရင်း ၂၃ ဦးကို နည်းပြဆရာ ကာရယ်ဘရက်စ်နာက ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။ ချက်အသင်းတွင် **(ဂိုး)** ဂျာရိုမီယာဘလာဆက်(စပါတာပရပ်)၊ ပီတာချက်(ရေးနက်စ်)၊ အန်တိုနင်ကင်စလီ(ရာမန်ကိုရီ)၊ **(နောက်တန်း)**ရီနီကော့ (အော်စတာဗာ)၊ ဇီဒီနက်ဂရေဂီယာ(အေဂျက်)၊ သောမက်ဟတ်ချ်မန်း(စပါတာပရပ်)၊ မာရက်ဂျန်ကိုလော့စကီး(အူးဒီးနီးစီး)၊ မာတင်ဂျီရာနက်(ရာဂျီးနား)၊ ပေဗယ်မာရက်(စိန့်ပီတာစဘက်)၊ ဒေးဗစ်ရိုဆီနယ် (ဘရုဂျက်)၊ သောမက်စ်အူဖာလူစီ (ဟမ်းဘက်)၊ **(အလယ်တန်း)**သောမတ်ဂလာဆက်(အေဂျက်)၊ ပေဗယ်နက်ဗက်(ဂျူဗင်းတပ်)၊ ဂျာရိုဆလက်ပလာဆီ(မိုနာကို)၊ ကာရယ်ပိုပေါ့စကီး (စပါတာပရပ်)၊ သောမတ်ရိုစစ်စကီ (ဒေါ့ခ်မွန်)၊ ဗလာဒီမာစမိုက်ဆာ(လီဗာပူး)၊ ရိုမန်တိုင်စီ(၁၈၆၀ မြူးနစ်)၊ စတီဖန်ဗတ်ချူဆက်(မာဆေး)၊ **(ရှေ့တန်း)** မီလန်ဘားရို့စ် (လီဗာပူး)၊ မာရက်စ်ဟိန့်ခ်(ဘင်နက်)၊ ဂျန်ခိုလာ (ဒေါ့ခ်မွန်)၊ လောစ်ဗန့် (ကိုင်ဇာဆလော့တန်)တို့ ပါဝင်ကြသည်။

ဒိန်းမတ်လူစားထိုး

အုပ်စု(ဂ)၌ ပါဝင်လျက်ရှိသော ဒိန်းမတ်အသင်းသည် အပြီးသတ် လူစာရင်း ၂၃ ဦးကို ထုတ်ပြန်မကြေညာမီ အလယ်တန်းလူတစ်ဦးအား အစားထိုး ရွေးချယ်လိုက်ရသည်။ ဘရွန်ဘီအသင်းမှ အသက် ၃၄နှစ်အရွယ် မော်တန်ဝိုင်းဟော့စ်သည် ဒူးဒဏ်ရာရရှိသွားသဖြင့် ဘရွန်ဘီအသင်းမှပင်ဖြစ်သော သောမတ်စ်ကာလန်ဘတ်နှင့် လူစားထိုးလိုက်ရခြင်း ဖြစ်သည်။ အသက် ၂၁နှစ်အရွယ် သောမတ်စ်ကာလန်ဘတ်အား ရွေးချယ်ရခြင်းနှင့် ပတ်သက်၍ နည်းပြ မော်တင်အော်ဆင်က "သောမတ်သည် နေရာစုံ၌ ထူးချွန်စွာ ကစားနိုင်သူဖြစ်ကြောင်း၊ အသင်းအတွက် အထူးသင့်လျော်သည့် ကစားသမားဖြစ်ကြောင်း" ပြောကြားခဲ့သည်။

စပိန်နောက်တန်းလူ

စပိန်နည်းပြအီနာကီဆာရက်ဇ်၏ အပြီးသတ်လူစာရင်း ၂၃ဦးတွင် ရီးယဲမက်ဒရစ်မှ အသက် ၂၈နှစ်အရွယ် ဆာလ်ဂါဒို ပါဝင်လာခြင်းမရှိပေ။ စပိန်အသင်း နောက်တန်း၌ အထူးအားထားရသော ဆာလ်ဂါဒိုသည် စပိန် အသင်းသားများနှင့်အတူ လေ့ကျင့်ခန်းဆင်းစဉ် မတော်တဆ ထိခိုက်မိပြီး ခြေသလုံးကြွက်သား ဒဏ်ရာရရှိခဲ့သည်။

ဆာလ်ဂါဒို၏ ဒဏ်ရာအခြေအနေနှင့် ပတ်သက်၍ စပိန်အသင်း ဆရာဝန်က ၁၅ ရက်ခန့် အနားယူရမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ပြီးနောက် ဆာလ်ဂါဒိုနေရာတွင် ဒီပို့တီဗိုအသင်းမှ အသက် ၃၀ အရွယ် ကက်ဒီဗီလာနှင့် အစားထိုးရွေးချယ်လိုက်ခြင်းဖြစ်သည်။

အင်္ဂလန်အနိုင်ရ

အုပ်စု(ခ)မှ အင်္ဂလန်အသင်းနှင့် အိုက်စလန်အသင်းတို့၏ ချစ်ကြည်ရေး ခြေစမ်းပွဲစဉ်ကို ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီက အင်္ဂလန်နိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ အင်္ဂလန်အသင်းက ခြောက်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ။

(မြန်မာ့အလင်း)

စာမျက်နှာ ၁၁ မှ

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် Queen Star Computer Center ပြခန်း၊ အမှတ် (၂)စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းပြခန်း၊ Hong Pang Group ပြခန်း၊ Earth Industrial (Myanmar) Co., Ltd., AA Electronic Ltd., Master Power Co., Ltd.,Nibban Electric & Electronics, Linnyama Electronic, Gates Electronic Sale & Service,Mectronic General Electrical Products,Trust & Development Co., Ltd.,Texcel Co., Ltd., U Pe Thein Electrical & Electronic,Toe Electric, Myanmar World Distribution Co., Ltd, FISCA Co., Ltd., PQ Electrical Engineering Co., Ltd. တို့၏ ပြခန်းများနှင့် ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးပြခန်းတို့တွင် ပြသထားသည့် အီလက်ထရွန်နစ်ပစ္စည်းများကို အသေးစိတ် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အစည်းအဝေးခန်းမ၌ အတွင်းရေးမှူး(၁)နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အီလက်ထရွန်နစ်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကိုကျင်းပရာ AA Electronic Ltd. မှ Chairman ဦးမြတ်သင်းအောင်က Electronic Industrial Developmentနှင့်ပတ်သက်၍လည်းကောင်း၊ Earth Industrial (Myanmar) Co., Ltd. မှ Quality Control Manager ဦးကျော်မင်းက Productivity System and Quality Control နှင့် ပတ်သက်၍လည်း ကောင်း၊ General Service Engineering မှ Adviser ဦးစိုးမြင့်က Services for Electronic Control and Automation System နှင့်ပတ်သက်၍လည်းကောင်း၊ T&D Co.,Ltd. မှ Managing Director ဦးမြင့်ဇော်က Electronic Research and Development နှင့်ပတ်သက်၍ လည်းကောင်း၊ Mectronic Co., Ltd. မှ Project Executive ဦးမြင့်ဇော်က Indigenous Electronic Industry နှင့် ပတ်သက်၍လည်းကောင်း၊ FISCA Co.,Ltd. မှ Engineering Director ဦးဇော်ဝင်းက Promotion of Electronic Park in Myanmar နှင့် ပတ်သက်၍လည်းကောင်း တက်ရောက်လာကြသည့် အီလက်ထရွန်နစ်လုပ်ငန်းရှင်များက အီလက်ထရွန်နစ်လုပ်ငန်းရှင်များအသင်းအဖွဲ့တစ်ခု ဖြစ်မြောက်ရေးကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်ရှင်းလင်း

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ကော်မတီအဖွဲ့ဝင် ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်နှင့် ကော်မတီအတွင်းရေးမှူး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဒေါက်တာချမ်းငြိမ်းတို့က သက်ဆိုင်ရာကဏ္ဍများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို မှာကြားပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စီးပွား/ကူးသန်းသုံးပွင့်ဆိုင် ခြေစမ်းပွဲ စီးပွား/ကူးသန်း(ခ)အသင်း အနိုင်ရရှိ

ရန်ကုန် ဇွန် ၅

၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ဘောလုံးပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ရန် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားရှိသော ဘောလုံးအသင်းများ၏ သုံးပွင့်ဆိုင် ခြေစမ်းဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ စီးပွား/ကူးသန်း (ခ) အသင်းက လယ်ယာထွက်ကုန်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ဒုတိယရရှိခဲ့ပြီး အဆင့်မြင့်တန်းသို့ တက်ရောက်ခွင့်ရရှိထားသော လယ်ယာထွက်ကုန်အသင်းကို ဒုတိယတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ပထမရရှိခဲ့ပြီး ပထမတန်းသို့ တက်ရောက်ခွင့်ရရှိထားသော စီးပွား/ကူးသန်း(ခ)အသင်းက ခြေရည်တူကစားပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ စီးပွား/ကူးသန်း(ခ)အသင်းအတွက် ထူးကျော်နှင့် ရာဇာဝင်းသိန်းတို့က တစ်ဂိုးစီ သွင်းယူပြီး လယ်ယာထွက်ကုန်အသင်းအတွက် စထက်နိုင်ဝင်းက ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဆင့် တစ်ဂိုးသွင်းယူပေးသည်။

ဒုတိယပွဲစဉ်

ဇွန်၇ရက် ညနေ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဒုတိယခြေစမ်းပွဲစဉ်အဖြစ် စီးပွား/ကူးသန်း(က)အသင်းနှင့် စီးပွား/ကူးသန်း(ခ)အသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဗုဒ္ဓဓမ္မဒါန စေတနာရှင်များအဖွဲ့ ဘာသာရေးစာအုပ်များလှူဒါန်းမည်

ရန်ကုန် ဇွန် ၅

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ အခြေခံဘာသာရေးစာအုပ်များ နှစ်စဉ်ပေးပို့လှူဒါန်းလျက်ရှိရာ ယခု ၂၀၀၄ ခုနှစ်တွင်(၁၀)ကြိမ်မြောက် ဆက်လက် လှူဒါန်းသွားမည်ဖြစ်သည်။ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးများက ကျောင်းရှိ ဆရာ၊ ဆရာမ ဦးရေနှင့် ဘုန်းတော်ကြီးသင်ကျောင်းအုပ်ဆရာတော်ဦးရေတို့ကိုဖော်ပြပြီး စာတိုက်မှ ရောက်ရှိနိုင်မည့် လိပ်စာကို ရေးသား၍ "ဗုဒ္ဓဓမ္မဒါနစေတနာရှင်များအဖွဲ့" အမှတ်(၁၂) မြို့သစ် ၁ လမ်း ကျောက်မြောင်း တာမွေမြို့နယ် ဖုန်း-၅၄၂၂၃၆ သို့ အောက်တိုဘာ ၃၀ ရက်နောက်ဆုံးထားပြီး အလှူခံစာများ ပေးပို့နိုင်သည်။ စာအုပ်လှူဒါန်းလိုသူသို့မဟုတ် စာအုပ်ဖိုး ပညာဒါနလှူဒါန်းလိုသူများလည်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒဂုံမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

ရန်ကုန် ဇွန် ၅

၂၀၀၄-၂၀၀၅ ပညာသင်နှစ် အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)ဒဂုံမြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက အထက(၂) ဒဂုံ ဦးဘလွင်ခန်းမ၌ ကျင်းပရာ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီ အတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်နှင့် ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းစိုး၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ စေတနာရှင်များ၊ မြို့နယ် ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ ဆရာမများ ကျောင်းနေအရွယ်ကလေးများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဝင်းလှုံထိန်က ကျောင်းအပ်နှံရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကာ အခြေခံပညာကျောင်းခုနစ်ကျောင်းမှ ကျောင်းနေရန်အခက်အခဲရှိကြသည့် ကလေးများအား ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် လှူဒါန်းသူများကိုယ်စား အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ **(မြန်မာ့အလင်း)**

ဇေယျဝတီဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် ဇွန် ၆

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ ဇေယျဝတီမြို့ ဓမ္မာရုံကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ-ဘီအေ)သည် မန္တလေးတိုင်း သာစည်မြို့နယ် ရွှေလှံကျေးရွာ ရွှေလှံတိုက်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ဇွန် ၂၀ ရက်မှ ၂၆ ရက် (ပထမဝါဆိုလဆန်း ၄ ရက်မှ ၁၀ ရက်အထိ) ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

သွားဘက်ဆိုင်ရာဆရာဝန် ဘောလုံးအသင်းဖွဲ့စည်းမည်

ရန်ကုန် ဇွန် ၅

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း အားကစားနှင့် လူမှုရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန် ဘောလုံးအသင်းကို ပြန်လည်ဖွဲ့စည်းမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့်ဒေါက်တာမင်းဟဏ် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်) ဖုန်း-၀၉ ၅၀၀၀၄၀၃၊ ၃၇၁၇၆၁ နှင့် ဒေါက်တာသန်းဌေး(မဟာမြိုင်ဆေးရုံ) ဖုန်း-၅၀၄၉၂၇၊ ၅၀၃၈၂၅ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မေ ၃၁ ရက်က အထက(၂) ကမာရွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် ကျောင်းသားမိဘတစ်ဦးက ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်အေးဆင့်ထံ ကွန်ပျူတာတစ်လုံး ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သတင်းဂျာနယ်
အမှတ်(၆၃)၊ ဇွန်လ (၇) ရက်၊ ၂၀၀၄
ထွက်ပြီ
ရန်ကုန်မြို့ဖြန့်ချိရေး - ဆင်တောင်ကြီးစာပေ
မန္တလေးမြို့ဖြန့်ချိရေး - ထွန်းဦးစာပေ

စေ့စပ်မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘောက်ထော်၊ အေးသာယာလမ်း၊ အမှတ်(၇-E)နေ ဦးမျိုးထွန်း[ဒုတိယညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး(၇)၊ ဆည်မြောင်းဦးစီးဌာန၊ မိတ္ထီလာမြို့]-ဒေါ်ကြူကြူ(SAT-ငြိမ်း) တို့၏ သားငယ်

မောင်ကျော်ဇေယျာမျိုး B.A.English (Y.U.F.L)

နှင့်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ပေါ်ဆန်းမွှေးလမ်း၊ မနေအောင်လမ်းသွယ်၊ အမှတ်(၃၈)နေ ဗိုလ်မှူးသန်းထွန်း(ငြိမ်း)-ဒေါ်မြင့်မြင့်သန်း(SAT-ငြိမ်း)တို့၏ သမီးငယ်

မသူဇာမြင့်ထွန်း B.Econ; Stat: (Final Year)

တို့၏ ၅-၆-၂၀၀၄ ရက်နေ့ Summit Park View Hotel (Ball Room)တွင် ကျင်းပပြုလုပ်ခဲ့သော စေ့စပ်မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်သော ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့ မိသားစုအား လည်းကောင်း၊ စေ့စပ်မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့်ဇနီး ဒေါ်ခင်အေးတို့အားလည်းကောင်း၊ ကြွရောက် ချီးမြှင့်ပေးသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့်ဇနီး ဒေါ်တင်တင်ညွန့်တို့အား လည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဇေယျာမျိုး-မသူဇာမြင့်ထွန်း။

မြေကွက်ဝယ်လိုသည်

ဒဂုံမြို့သစ် (မြောက်ပိုင်း) U-9 မြေကွက်ကို သင့်တင့်လျောက်ပတ်သော ဈေးနှုန်းနှင့် ဝယ်ယူလိုပါသဖြင့် ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

ဆက်သွယ်ရန် ဖုန်း-၀၉-၉၉-၂၅၃၂၆။

အမည်ပြောင်း

အဖ ဦးကျော်ခိုင်သိန်း၏ သားဖြစ်သူ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း G III (A) မှ မောင်စွမ်းထက်အောင်အား မောင်ဇော်ထက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဇော်ထက်နိုင်။**

ရန်ကုန်မြို့တော်ရဲ့ အချက်အချာအကျဆုံး။
သွားလာရေးလွယ်ကူပြီး၊ ကျယ်ဝန်းလုံခြုံစိတ်ချရသော သီးသန့် Car-Parking နှင့် ခေတ်မီသော ဝန်ဆောင်မှုများစွာတို့ဖြင့် ထူးခြားစွာ နိုင်ငံတကာအဆင့်မီ ဆောက်လုပ်ထားသော

Excel Shopping Mall

ဖွင့်လှစ်လိုက်ပါပြီ

အမှတ်(၅၂၀)၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၉၅-၁-၅၅၉၇၄၄ (၈ လိုင်း)

FAME **Propolis Honey**

အနာကျက်ပျားဖော်ဆေးရည်

ပန်းချီပြပွဲ ဖွင့်လှစ်ပြသ

ရန်ကုန် ဇွန် ၅

°Art°Studio Squareမှ တာဝန်ယူစီစဉ်သည့် ဇွန်ပန်းချီပြပွဲကို ပန်းဆိုးတန်းလမ်းရှိ လောကနတ်အလှပညာပြခန်းတွင် ဇွန် ၇ရက်မှ ၁၄ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသထားမည်ဖြစ်သည်။ ပြပွဲတွင် အာဆီယံနှင့် မြန်မာတိုင်း(မ်) ပန်းချီဆု ဆွတ်ခူးရရှိသူ ပန်းချီဆရာများဖြစ်သော ငြိမ်းချမ်းဆုနှင့် မင်းဇော် (ကာတွန်းဘိုဘို)နှင့် မြင့်စိုး (သားဗဂျီအောင်စိုး)၊ဘဌေးကြည်နှင့် စိုးနိုင်တို့၏ ခေတ်ပြိုင် ပန်းချီလက်ရာ ၂၅ မျိုးကို ပြသထားသည်။ **(က-ပ)**

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ ၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားမရုံး၌
၂၀၀၄ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၃၈
ကွယ်လွန်သူ ဦးပုံသ၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း

ဒေါ်ခင်စန်းရီ **လျှောက်သူ**

(မ-၃၉)၊ မင်္ဂလာလမ်း၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းနေ ဒေါ်ခင်စန်းရီက ကွယ်လွန်သူဦးပုံသ၏ဇနီးဖြစ်သည်ဟူ၍ (မ-၃၉)၊ မင်္ဂလာလမ်း၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းနေ ၎င်းကွယ်လွန်သူ ဦးပုံသမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှါ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးပုံသမှာကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၄ခုနှစ် ဇွန် ၁၈ရက်(၁၃၆၆ ခုနှစ် ပထမဝါဆိုလဆန်း ၂ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူဒေါ်ခင်စန်းရီ ၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ ခုနှစ် ဇွန် ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ထွန်းဝေ(တ/၁၆၇၂)၊ ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

ဗန်ကောက် အလွတ်တန်းစစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရ ဂရင်းမာစတာ အန်တိုနီယို(ဖိလစ်ပိုင်) နှင့် ဒုတိယဆုရ ဂရင်းမာစတာ ရောဂျာ တို့နှင့် လက် ရည် တူ သရေကစားပြီး ငါးပွဲနိုင်၊ သုံးပွဲသရေ ခြောက်မှတ်ခွဲဖြင့် ပဉ္စမရ မြန်မာနိုင်ငံမှ ဝင်းဇော်ထွန်း(လယ်/ဆည်)အား တွေ့ရစဉ်။ (မြန်မာ့အလင်း)

ဗန်ကောက် အလွတ်တန်းစစ်တုရင်ပြိုင်ပွဲ မြန်မာအားကစားအဖွဲ့ ပါဝင်ဆင်နွှဲ

မြန်မာ့စစ်တုရင် အဆင့်အတန်းမြင့်မားကြောင်း ပြသနိုင်ခဲ့

ရန်ကုန် ဇွန် ၅

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် မေ ၂၉ ရက်မှ ဇွန် ၂ ရက်အထိ ကျင်းပခဲ့သော 4th Bangkok Chess Club Open စစ်တုရင်ပြိုင်ပွဲတွင် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ ပဏာမလက်ရွေးစင်များ ပါဝင်ယှဉ်ပြိုင်ကြရာ (လယ်/ဆည်)မှ ဝင်းဇော်ထွန်းသည် ပဉ္စမရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဘရူနိုင်းနိုင်ငံများ အပြင် တရုတ်နိုင်ငံနှင့် အာရှနိုင်ငံများ၊ ပစိဖိတ်နိုင်ငံဖြစ်သည့် ဩစတြေးလျနိုင်ငံနှင့် ဥရောပနိုင်ငံများမှ ရုရှား၊ အိုင်ယာလန်၊ နော်ဝေး၊ ဂရိ၊ နယ်သာလန်၊ ဩစတြီးယား၊ ဖင်လန်၊ အင်္ဂလန်နှင့် ကနေဒါ စသည့် နိုင်ငံပေါင်း ၂၇ နိုင်ငံမှ နာမည်ကြီးဂရင်းမာစတာ ငါးဦး၊ အပြည်ပြည်ဆိုင်ရာမာစတာ ခြောက်ဦး၊ ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် မာစတာခြောက်ဦး၊ ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်မှ စံနှုန်းရအားကစားသမားများနှင့် နိုင်ငံ့လက်ရွေးစင်များ အပါအဝင် စုစုပေါင်းစစ်တုရင်ကစားသမား ၉၄ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဂရင်းမာစတာငါးဦးမှာ မြန်မာနိုင်ငံမှဇော်ဝင်း၊ ဖိလစ်ပိုင်မှအန်တိုနီယိုနှင့် ဗလာဖေယာ၊ ဩစတြေးလျမှရောဂျာ၊ ဗီယက်နမ်နိုင်ငံမှ ညုယင်အန်ဒေါင်း တို့ဖြစ်သည်။

ပြိုင်ပွဲဝင် စစ်တုရင်ကစားသမားတစ်ဦးလျှင် ကိုးပွဲစီယှဉ်ပြိုင်ကြရာ မြန်မာနိုင်ငံမှ ဝင်းဇော်ထွန်း (လယ်/ဆည်)သည် ပွဲစဉ်ရှစ်ပွဲအပြီးတွင် ဂရင်းမာစတာဇော်ဝင်း(မြန်မာ)ကိုအနိုင်ရရှိပြီး ယခုပွဲပထမရရှိသူ ဂရင်းမာစတာ အန်တိုနီယိုနှင့် ဒုတိယရရှိသူ ရောဂျာတို့ကို လက်ရည်တူ သရေကစားနိုင်ကာ သုံးပွဲသရေ၊ ငါးပွဲနိုင်ဖြင့် ရောဂျာနှင့်အတူ ဒုတိယနေရာက လိုက်နေရာမှ ကိုးပွဲ မြောက်တွင် ရှုံးသွား၍ ပဉ္စမဖြင့်သာ ကျေနပ်လိုက်ရသည်။

ကိုးပွဲမြောက်ကစားပြီး ပြိုင်ပွဲအပြီးတွင် စစ်တုရင်ထိပ်တန်း ၁၀ ဦးစာရင်းဝင် စစ်တုရင်ကစားသမားတစ်ဦးစီ၏ ရလဒ်များမှာ-

၁။ ဂရင်းမာစတာ အန်တိုနီယို (ဖိလစ်ပိုင်) ခုနစ်မှတ်ခွဲဖြင့် ပထမ၊
၂။ ဂရင်းမာစတာရောဂျာ(ဩစတြေးလျ)ခုနစ်မှတ်ခွဲဖြင့် ဒုတိယ၊
၃။ အဖွဲ့ချုပ်မာစတာကောလမ်ဒါလီ(အိုင်ယာလန်)ခုနစ်မှတ်ဖြင့် တတိယ၊
၄။ ဂရင်းမာစတာဗလာဖေယာ(ဖိလစ်ပိုင်)ခုနစ်မှတ်ဖြင့် စတုတ္ထ၊
၅။ မြန်မာ့လက်ရွေးစင် ဝင်းဇော်ထွန်း(လယ်/ဆည်)ခြောက်မှတ်ခွဲဖြင့်ပဉ္စမ၊
၆။ အပြည်ပြည်ဆိုင်ရာမာစတာ မာရီယာနို(ဖိလစ်ပိုင်) ခြောက်မှတ်ခွဲဖြင့် ဆဋ္ဌမ၊
၇။ အဖွဲ့ချုပ်မာစတာ တမ်ရီလီ(ဖိလစ်ပိုင်)ခြောက်မှတ်ခွဲဖြင့် သတ္တမ၊
၈။ အပြည်ပြည်ဆိုင်ရာမာစတာ အောင်အောင် (မြန်မာ) ခြောက်မှတ်ဖြင့် အဋ္ဌမ၊
၉။ မြန်မာ့လက်ရွေးစင်စည်သူကြီး (မြို့တော်စည်ပင်) ခြောက်မှတ်ဖြင့် နဝမ၊
၁၀။ မြန်မာ့လက်ရွေးစင် ကြည်သိန်း(လယ်/ဆည်) ခြောက်မှတ်ဖြင့် ဒသမ အသီးသီး ရရှိကြသည်။

ပထမရရှိသူ အန်တိုနီယိုနှင့် ဒုတိယရရှိသူ ရောဂျာတို့ ခုနစ်မှတ်ခွဲဖြင့် အမှတ်တူနေသော်လည်း သရေဖြတ်စနစ်အရ အန်တိုနီယို ပထမရရှိသွားခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲ၌ ထိပ်တန်းစစ်တုရင်သမား ၁၀ ဦးစာရင်းတွင် မြန်မာနိုင်ငံမှစစ်တုရင်သမားသုံးဦးပါဝင်ရာမြန်မာ့စစ်တုရင် အဆင့်အတန်းမနိမ့်ကြောင်း တွေ့ရပြီး စစ်တုရင်အဆင့်အတန်း မြင့်မားတိုးတက်လာသည်ကို တွေ့ရသည်။

ဇွန် ၃ ရက်နံနက်က အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်သို့ သွားရောက်၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်သန်း (အမျိုးသားတံခွန်စိုက် စစ်တုရင် ချန်ပီယံဟောင်း)နှင့် တွေ့ဆုံ၍ စတုတ္ထအကြိမ် ဗန်ကောက် အလွတ်တန်းစစ်တုရင် ပြိုင်ပွဲအခြေအနေ၊ စစ်တုရင်အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များကို မေးမြန်းကြည့်ရာ ဦးကျော်သန်းက 'မိမိတို့လက်ရွေးစင်များ ဗန်ကောက်အလွတ်တန်းပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ကြရာ ထိပ်တန်း၁၀ ဦးစာရင်းတွင် သုံးဦးပါဝင်၍ မြန်မာ့စစ်တုရင် လက်ရည်အဆင့်အတန်း မနိမ့်ကြောင်းကို ပြသနိုင်ခဲ့ကြောင်း၊ ပဉ္စမရရှိသူ ဝင်းဇော်ထွန်းဆိုလျှင် အလွန်အားကိုးရသော မျိုးဆက်သစ်လူငယ်များထဲမှ ပေါ်ထွက်လာသည့် အားကစားသမားတစ်ဦးဖြစ်ကြောင်း၊ စည်သူနှင့် ကြည်သိန်းတို့ လက်ရည်ပိုင်း၌ တိုးတက်လာကြောင်း၊ အခြားလက်ရွေးစင်များဖြစ်သည့် ဒေါက်တာထွန်းလင်းကျော်၊ ဇော်ဝင်း၊ မောင်မောင်၊ ဒေါက်တာအောင်သန့်ဇင်တို့လည်း ရမှတ် ကောင်းမွန်ကြောင်း၊ စည်သူ (ရန်ကုန်မြို့တော်စည်ပင်)ဆိုလျှင် ယခုပြိုင်ပွဲတွင် Unrated Player

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ

သိန်းဝင်းလေး (မြန်မာ့အလင်း)

ပထမဆုရရှိသွားသူ တရုတ်နိုင်ငံမှ ဝမ်ဂီဟွာနှင့် ခြောက်မှတ်စီဖြင့် အမှတ်ချင်းတူညီသော်လည်း သရေဖြတ်စနစ်အရ ဆုနှင့်လွဲသွားခဲ့ရကြောင်း၊ စည်သူသည်လည်း မျိုးဆက်သစ်လူငယ် စစ်တုရင်သမားတစ်ဦးဖြစ်ပြီး လက်ရည် မြင့်မားလာကြောင်း၊ ဂရင်းမာစတာ၊အင်တာနေရှင်နယ်မာစတာ၊ ဖီဒယ်မာစတာ (ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် မာစတာ)များ ပါဝင်သည့် ဤပြိုင်ပွဲတွင် ဝင်းဇော်ထွန်းသည် ရှစ်ပွဲမြောက်အပြီးတွင် နာမည်ကြီး ဂရင်းမာစတာရောဂျာနှင့်အတူ ဒုတိယနေရာမှ လိုက်နေသော်လည်း ကိုးပွဲမြောက်ပြိုင်ပွဲတွင် ရှုံးသွား၍သာ ပဉ္စမဖြင့်သာ ကျေနပ်ခဲ့ရကြောင်း၊ သရေကျလျှင်ပင် ယခုရရှိသည့် အဆင့်ထက်တိုးပြီးနိုင်လျှင် ပထမဆုချိန်နိုင်သည့် အနေအထားရှိကြောင်း၊ မြန်မာ့စစ်တုရင်အဖွဲ့ချုပ် ပဏာမလက်ရွေးစင် အားကစားသမားများ လက်ရည်မြင့်မားတိုးတက်ရေး၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာရေးအတွက် စဉ်ဆက်မပြတ် ပြည်တွင်းပြိုင်ပွဲများ ကျင်းပပေးရန်စီစဉ်လျက်ရှိကြောင်း၊ ပြည်ပပြိုင်ပွဲ အတွေ့အကြုံများရရှိစေရန် ယခုကဲ့သို့ပြိုင်ပွဲများ စေလွှတ်ယှဉ်ပြိုင်လျက်ရှိကြောင်း၊ (၂၃)ကြိမ်မြောက်အရှေ့တောင်အာရှ ပဏာမလက်ရွေးစင်များရွေးချယ်လေ့ကျင့် ပေးလျက်ရှိကြောင်း၊ ပြည်တွင်းပြည်ပပြိုင်ပွဲ များများယှဉ်ပြိုင်စေခြင်းဖြင့် မြန်မာ့စစ်တုရင်အဆင့်အတန်း မြင့်မားတိုးတက်လာပြီး ကမ္ဘာနှင့် ရင်ပေါင်တန်းလာနိုင်ကြောင်း၊ လူငယ်ကစားသမား ဝင်းဇော်ထွန်းဆိုလျှင် ကမ္ဘာ့အကောင်းဆုံး စစ်တုရင်ကစားသမား စာရင်းဝင်'တိုရီ'ကို (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်တော့မည့်အခြေအနေအထိ ကစားနိုင်ခဲ့ကြောင်း၊ အချိန် သတ်မှတ်ချက်ကြောင့်သာ အရှုံးပေးခဲ့ရကြောင်း၊ စင်ကာပူနိုင်ငံမှ နာမည်ကျော် ဂရင်းမာစတာ'ဂူမင်းကောင်း'ကို အနိုင်ကစားခဲ့ပြီး ယခုပြိုင်ပွဲတွင် ဂရင်းမာစတာဇော်ဝင်း၊ အင်တာနေရှင်နယ်မာစတာမျိုးနိုင်တို့ကဲ့သို့ မာစတာဘွဲ့မရသေးသော်လည်း အဆင့်အတန်းမြင့်မြင့် ယှဉ်ပြိုင်နိုင်ကြောင်း၊ ဝင်းဇော်ထွန်းသည် ယခုပွဲတွင် အင်တာနေရှင်နယ် မာစတာစံနှုန်း (Norm)တစ်ခု ထပ်မံရရှိပြီး စုစုပေါင်း အင်တာနေရှင်နယ် မာစတာစံနှုန်း(Norm)သုံးခု ရရှိပြီး မကြာမီ ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်က အသိအမှတ်ပြုသည့် အပြည်ပြည်ဆိုင်ရာ မာစတာဘွဲ့ ရရှိမည့် လူငယ်တစ်ဦးဖြစ်လာမည်ဖြစ်ကြောင်း မြန်မာ့အလင်းသို့ ပြောကြားလိုက်သည်။ ။

(မြန်မာ့အလင်း)

မရမ်းကုန်းမြို့နယ် ကျောင်းအပ်နှံရေးနေ့ဆိုင်းဘုတ်ကို မေ ၂၅ရက်က သမိုင်းလမ်းဆုံနှင့် ရှစ်မိုင်လမ်းဆုံတို့တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုး၊ မြို့နယ်ပညာရေးမှူးဦးကျော်ဝင်း၊ ကျောင်းအုပ်ဆရာကြီးများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စုပေါင်းစိုက်ထူကြစဉ်။ (က-ပ)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းစိမ်းလန်းစိုပြည်ရေးအတွက် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်နှင့် အရိပ်ရပင်များ ပျိုးထောင်ထားရှိမှုကို မေ ၂၀ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းကျော် စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်မြင့်မြင့်ကြိုင်က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်ဒေသများအတွက် စက်ရေတွင်းများလှူဒါန်းနိုင်

ရန်ကုန် ဇွန် ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းနှင့်ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀တစ်တွင်း၊ စက်ပစ္စည်းစုံကျပ်၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြသည်။

ရေလှူဒါန်းခြင်းဖြင့် လျင်မြန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြားလူသိများခြင်း၊ ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလ ကြီးမားခြင်းနှင့် ဉာဏ်ပညာကြီးမားခြင်းစသည့် ရေအကျိုး ၁၀ ပါးကို ဆုမတောင်းဘဲ ရရှိနိုင်သည်ဖြစ်ရာ စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ)၊ ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ပဒေသာမြို့သစ်နှင့် သပြေရေကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်

ပြင်ဦးလွင် မေ ၃၀

ပြင်ဦးလွင်မြို့နယ် ပဒေသာမြို့သစ်နှင့်သပြေရေ ကျေးရွာချင်းဆက်သွယ်သော ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၂၂ ရက် နံနက် ၈နာရီ က အဆိုပါလမ်းမုခ်ဦးတွင် ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်မှူးချုပ် မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိုးသန်းက ကျောက်ချောလမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဆွေက လမ်းဖွင့်ပွဲအမှတ်တရလက်ဆောင်များ ပေးအပ်ပြီး သပြေရေကျေးရွာ ဥက္ကဋ္ဌ ဦးစိုးတင့်က ကျေးရွာ ပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်နှင့် မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးအောင်မြင့်ဆွေတို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး **(အပေါ်ပုံ)**လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။ ၎င်းကျောက်ချောလမ်းသည် အရှည် လေးမိုင် လေးဖာလုံဖြစ်ပြီး နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၃၃၄ ဒသမ ၈သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အကျိုးပြုကျေးရွာများမှာ နောင်လှိုင်၊ ပါအယ်၊ ပင်တီး၊ သပြေရေ၊ မှိုင်းလုံး၊ ကြက်တက် စသည့် ကျေးရွာများဖြစ်ကြပြီး ပြင်ဦးလွင်မြို့နှင့် နောင်ချိုမြို့များသို့ ဆက်သွယ်သွားလာမှု လွယ်ကူသွားစေမည်ဖြစ်သည်။ **(၂၈၀)**

လုပ်ငန်းခွင်သုံး ဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်

ပခုက္ကူ မေ ၃၀

မကွေးတိုင်း ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်း အမှတ်စဉ်(၄/၂၀၀၄) ဖွင့်ပွဲကို မေ ၂၄ ရက်က ပခုက္ကူမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ သင်တန်းမှူး ဦးစီးအရာရှိ(ခရိုင်) ဒေါ်သန်းသန်းအေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့်ခရိုင်အတွင်းရှိ ငါးမြို့နယ်မှစာရေးဝန်ထမ်းသင်တန်းသား သင်တန်းသူ ၁၀၇ဦးတို့တက်ရောက်ကြသည်။**(၄၁၃)**

မေ ၁၉ ရက်က မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စစ်တန်းရပ် ရေဂါလန်လေးသိန်းဆံ့ ရေစုကန် နှစ်ကန်၊ တောင်ကျရေများကြောင့် ရေနောက်များ မဝင်နိုင်ရေးနှင့် မြို့မရပ်ကွက် အုပ်စုသို့ နေ့စဉ် ရေဖြန့်ဝေမှု အချိန်မှန်ကန်စေရေးအတွက် အမှုဆောင်အရာရှိ ဦးခင်မောင်ချိုနှင့် အင်ဂျင်နီယာမှူး ဦးတင်မောင်လွင်တို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (က-ပ)

ညောင်တုန်းမြို့နယ် စည်ပင်လုပ်ငန်းများ တိုင်းစည်ပင်ညွှန်မှူးနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေး

ညောင်တုန်း ဇွန် ၁

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့သည် မေ ၂၂ ရက်က ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများနှင့် ရုံးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

တိုင်းညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ဆောင်ရွက်ပြီး မိုးဟုတ်-ဝါးတောစွန်း ကျောက်ချောလမ်းနှင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့် မြေသားလမ်းကိုလည်းကောင်း **(အပေါ်ပုံ)**၊ ဆက်လက်ဆောင်ရွက်မည့် မြို့တွင်းကတ္တရာလမ်းခင်းမည့် အောင်ရတနာလမ်း၊ ကျောက်ချောလမ်းခင်းမည့် ရွှေလင်းယုန်လမ်းကိုလည်းကောင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ထားသော ရေမြောင်း၊ ရေပြွန်များကိုလည်းကောင်း၊ လမ်းခင်းကျောက်များစုဆောင်းထားရှိမှု အခြေအနေများကိုလည်းကောင်း၊ မိုးရာသီတွင် မြို့သာယာလှပရေးအတွက် စိုက်ပျိုးရန် ပျိုးထောင်ထားသော ပျိုးဥယျာဉ်ကိုလည်းကောင်း၊ စည်ပင်သာယာပန်းခြံကိုလည်းကောင်း၊ လိုက်လံစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမိုးထိုက်တို့က ရှင်းလင်းပြသကြကြောင်း သိရသည်။

(ဝ၉၈)

ပေးအပ်

မေ ၃၁ရက်က ပဲခူးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်လှက မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ကောလိပ်ကျောင်းများတွင် ပညာသင်ကြားကြသော ဝန်ထမ်းသားသမီးများအတွက် ထောက်ပံ့ကြေးငွေကျပ် ၁၅၆၁၀၀ ကို မိဘတစ်ဦးသို့ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

e- Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၇-၆-၂၀၀၄ (တနင်္လာနေ့)

- ❑ Solar Energy and Temperature
  - အဝေးသင်တက္ကသိုလ် ပထမနှစ် ပထဝီဝင်အထူးပြုကျောင်းသား ကျောင်းသူများ
- ❑ The Nature and Meaning of Law
  - အဝေးသင်တက္ကသိုလ် ပထမနှစ် ဥပဒေအထူးပြုကျောင်းသား ကျောင်းသူများ
- ❑ Sources of Law
  - အဝေးသင်တက္ကသိုလ် ပထမနှစ် ဥပဒေအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Motion in One and Two Dimension
  - အဝေးသင်တက္ကသိုလ် ပထမနှစ် သိပ္ပံအထူးပြုကျောင်းသား ကျောင်းသူများ

၈-၆-၂၀၀၄ (အင်္ဂါနေ့)

- ❑ ပါဠိဘာသာနိဒါန်း
  - ပထမနှစ် မြန်မာစာ၊ဒဿနိက၊အရှေ့တိုင်း၊ ရသစာပေ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ပညာရေးဆိုင်ရာ မင်္ဂလာများ
  ပထမနှစ်မြန်မာစာ၊ ဒဿနိက၊အရှေ့တိုင်း၊ ရသစာပေအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Interference, Diffraction and Illumination
  - အဝေးသင်တက္ကသိုလ် ပထမနှစ် သိပ္ပံအထူးပြု ကျောင်းသား ကျောင်းသူများ

၉-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- ❑ Mathematical Induction
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ ကျောင်းသူ ကျောင်းသားများ
- ❑ Permutations
  - ပထမနှစ် စီးပွားရေး၊စီးပွားစီမံ၊ပြည်သူ့ရေးရာ ကျောင်းသူ ကျောင်းသားများ
- ❑ Circle
  - အဝေးသင်တက္ကသိုလ် ပထမနှစ်သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ

၁၀-၆-၂၀၀၄ (ကြာသပတေးနေ့)

- ❑ Separation of Mixtures
  - အဝေးသင်တက္ကသိုလ် ပထမနှစ် သိပ္ပံအထူးပြုကျောင်းသား ကျောင်းသူများ
- ❑ The Periodic Table and Periodic Properties
  - အဝေးသင်တက္ကသိုလ် ပထမနှစ် သိပ္ပံအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ The Structure and Function of Cells
  - အဝေးသင်တက္ကသိုလ် ပထမနှစ် သတ္တ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၁၁-၆-၂၀၀၄ (သောကြာနေ့)

- ❑ Organs
  - အဝေးသင်တက္ကသိုလ် ပထမနှစ် သတ္တ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Absorption and Transport of Water and Minerals
  - အဝေးသင်တက္ကသိုလ် ပထမနှစ် သတ္တ၊ ရုက္ခ၊ ဓာတုဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Diversity of Plants
  - အဝေးသင်တက္ကသိုလ် ပထမနှစ် သတ္တ၊ရုက္ခဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ

နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ

၁၂-၆-၂၀၀၄ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

၁၃-၆-၂၀၀၄ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေးပတ်ဝန်းကျင် ရေစီးရေလာကောင်းမွန်ရေးအတွက် မေ ၂၆ ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် ဒုတိယဦးစီးမှူး(ဈေး)ဦးဌေးဝင်းတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကျောင်းအပ်နှံရေးနေ့၊ အလှူငွေနှင့်စာအုပ်များပေးအပ်

သာပေါင်း ဇွန် ၁

သာပေါင်းမြို့ ပညာရေးဌာန၏ ကျောင်းသားများ ကျောင်းအပ်နှံရေးနေ့၊ အလှူငွေများနှင့် စာအုပ်များပေးအပ်ပွဲကို မေ ၂၇ရက်က သာပေါင်းမြို့ရှိ မူလတန်းကျောင်းများတွင် ကျင်းပသည်။

ကျောင်းသားများ ကျောင်းအပ်နှံရေးနေ့၊ အလှူငွေများနှင့် စာအုပ်များ ပေးအပ်ပွဲ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးလှသောင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးစောရှိန်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက်ဥက္ကဋ္ဌများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။ အလှူငွေများပေးအပ်ရာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကျပ် ၅၂၀၁၆၀၊ မြို့နယ်ပညာရေးဌာနမှ ကျောင်းသား ၃၇၀၀ အတွက် ပုံနှိပ်စာအုပ်များ တစ်စုံစီနှင့် လူမှုရေးအသင်းအဖွဲ့များမှ ဗလာစာအုပ်များ လှူဒါန်းကြကြောင်း သိရသည်။

(က-ပ)

သထုံနှင့် ပေါင်မြို့နယ်ချင်းဆက် မြစ်အင်းတံတား ခရိုင်အတွင်းရေးမှူး ကြည့်ရှုစစ်ဆေး

သထုံ ဇွန် ၃

သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးသောင်းဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်လွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်နှင့်အဖွဲ့သည် မေ ၃၁ ရက်က သထုံမြို့နယ်နှင့် ပေါင်မြို့နယ် ဆက်သွယ်သည့် ကြာပန်း-သဲအိမ်ရွာသွားလမ်းပေါ်ရှိ မြစ်အင်းတံတား တည်ဆောက်ရေးလုပ်ငန်းသို့ သွားရောက ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါမြစ်အင်းဖြတ်တံတားသည် အကျယ် ၁၄ပေ၊ အရှည် ၃၄ ပေရှိ သံကူကွန်ကရစ်ရက်မ၊ ကွန်ကရစ်ကြမ်းခင်းတံတားဖြစ်ပြီး ကြာအင်းပေါ်တော်မူ ဆရာတော်နှင့် ပြည်သူထည့်ဝင် ငွေကျပ် သိန်း ၆၀ အကုန်အကျခံ ဆောက်လုပ်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လုပ်ငန်းခွင်ဆွေးနွေးပွဲ ဂန့်ဂေါ၌ကျင်းပ

ဂန့်ဂေါ မေ ၂၀

ဂန့်ဂေါခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ လုပ်ငန်းခွင်ဆွေးနွေးပွဲကို မေ ၁၅ ရက်က ပြုလုပ်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်စိုးက နိုင်ငံတော်၏ ရည်မှန်းချက်နှင့် လုပ်ငန်းလမ်းညွှန်များ၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းကြီး၊ မြို့နယ်ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး အောင်ငွေကြည်နှင့် အရာရှိများ၊ အခြားအဆင့်များ၊ စာရေးဝန်ထမ်းများ၊ ရဲမေများနှင့် မိသားစုများ တက်ရောက်ကြသည်။ **(၂၇၃)**

အုတ်တွင်းမြို့နယ် အင်းဝလမ်း ကျောက်ချောခင်း

အုတ်တွင်း မေ ၃၀

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြလမ်းတံတား လုပ်ငန်းနှင့် အင်းဝလမ်း အပိုင်း(၃) ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသန်းလင်း မေ၂၄ရက်တွင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ရာ တာဝန်ခံအင်ဂျင်နီယာဦးတင်စိုးနိုင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

အဆိုပါ ကျောက်ချောလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် ၁၈၀၀၀၀၀ဖြင့် အရှည်ပေ ၈၆၀၊ အကျယ် ၁၀ ပေဖြင့် ဆောင်ရွက်ရာ မိုးရာသီအမီ ပြည်သူများ အသုံးပြုနိုင်ရေး ဆောင်ရွက်ခဲ့ရာ ၅၀ ရာခိုင်နှုန်း လုပ်ငန်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အမှာစကားပြော

သန်လျင်မြို့နယ် ၂၀၀၄ ခုနှစ် အခြေခံပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲထပ်ဆင့်ရှင်းလင်းပွဲကို မေ ၂၁ ရက်က အထက(၂) ရတနာခန်းမ၌ ကျင်းပရာ သန်လျင်မြို့နယ် ပညာရေးမှူး ဒေါ်စန်းနု အမှာစကား ပြောကြားစဉ်။

(ခရိုင် ပြန်/ဆက်)

စေတနာရှင်များ ပညာသင်ထောက်ပံ့ငွေလှူဒါန်း

မြောင် မေ ၂၂

စစ်ကိုင်းတိုင်း မြောင်မြို့နယ် အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများရှိ ကလေးများထောက်ပံ့ရန် အလှူငွေပေး အပ်ပွဲကိုမေ ၁၇ ရက်က မြို့နယ်ခန်းမတွင် ကျင်းပရာ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ စေတနာရှင် ၈၃ ဦးတို့က အလှူငွေကျပ် ၄၁၅၀၀၀ ကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်နုနှင့် အတွင်းရေးမှူး ဦးအောင်သူရတို့က လက်ခံရယူကြောင်း သိရသည်။

(၃၆၇)

ကြီးကြပ်

မေ ၂၃ ရက်က ကျောက်တန်းမြို့နယ် ရေရှားပါးသည့် သောင်ကြီးကျေးရွာ၌ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စက်ရေတွင်း တူးဖော်ခဲ့ရာ ရေကောင်းမွန်စွာ ရရှိပြီး စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် အနောက်ပိုင်းရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်အောင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

မန်း ဘောလုံးဒိုင်လူကြီးများ သက်ကြီးပူဇော်ပွဲကျင်းပ

မန္တလေး မေ ၁၅

မန္တလေးတိုင်း ဘောလုံးဒိုင်လူကြီးများအဖွဲ့၏(၁၁)ကြိမ်မြောက်သက်ကြီးပူဇော်ပွဲအခမ်းအနားကို မေ ၁၀ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ဗထူးအားကစားပြိုင်ကွင်းရှိ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းဘောလုံး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့် တက်ရောက်လာသူများက ကွယ်လွန်သွားသည့်မန္တလေးတိုင်းသက်ကြီးဘောလုံးဒိုင်လူကြီးများကို ရည်စူး၍ မေတ္တာပို့ အမျှပေးဝေကြသည်။

ထို့နောက် တိုင်းဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌဦးစိန်ဝင်းက အမှာစကားပြောကြားပြီး ဘောလုံးဒိုင်လူကြီးများအဖွဲ့ အတွင်းရေးမှူးဦးတင်သိန်းအမှူးပြုသော ဘောလုံးဒိုင်လူကြီးများနှင့် မျိုးဆက်သစ်ဘောလုံး ဒိုင်လူကြီးများက ကန်တော့ခံ သက်ကြီးဘောလုံး ဒိုင်လူကြီးများကို ဂါရဝပစ္စည်းများ လှူဒါန်းကန်တော့ကြသည်။ **(ယာပုံ)**

ထို့နောက် သက်ကြီးဘောလုံးဒိုင်လူကြီးများကိုယ်စား သက်ကြီးဒိုင်လူကြီး ဦးလှမောင်(၈၆နှစ်)နှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဘဆန်း(၆၉နှစ်)တို့က ဩဝါဒစကား ပြောကြားကြပြီးနောက် ပူဇော်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးသန်းမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြကြောင်း သိရသည်။ **(က-ပ)**

တောင်ငူမြို့နယ် ထွေအုပ် / ဝန်ထမ်းသားသမီးများ ပညာသင်စရိတ် ထောက်ပံ့ငွေ ပေးအပ်

တောင်ငူ ဇွန် ၁

တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို မေ ၂၅ ရက်က မြို့နယ်ရုံးခန်းမ၌ကျင်းပရာ ဝန်ထမ်း၃၆ ဦး၏ သားသမီး ၃၉ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေး ကျပ် ၅၈၀၀၀ ကို မြို့နယ်ဒုတိယ ဦးစီးမှူး ဦးမင်းဇော်ထိုက်**(အောက်ပုံ)**က ပေးအပ်ရာ ဌာနခွဲစာရေးကြီးဦးရဲညွန့်က လက်ခံရယူသည်။

အလားတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်၏ဇနီး ဒေါ်ခင်ခင်သန်းကလည်း ဝန်ထမ်းများ၏ သားသမီးကျောင်းသူ ကျောင်းသား ၃၉ဦးအတွက် ကျောင်းသုံး ဗလာစာအုပ်ဒါဇင် ၂၀ ကို ပေးအပ်ကြောင်း သိရသည်။ **(၁၀၃)**

မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု ဆင့်ပွားသင်တန်း အမရပူရ၌ဖွင့်

မြစ်ငယ် မေ ၂၀

မန္တလေးတိုင်း အမရပူရမြို့နယ် အသင်းက ကြီးမှူးဖွင့်လှစ်သော မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု ဆင့်ပွားသင်တန်းနှင့် နိုင်ငံတကာ ဆက်ဆံရေးဘာသာရပ် အင်္ဂလိပ်စကားပြော သင်တန်း အမှတ်စဉ် (၁/၂၀၀၄)ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၄ ရက် နံနက် ၉ နာရီက မြို့နယ်အသင်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ပို့ချ

ရှေးဦးစွာ မန္တလေးတိုင်းအသင်း အလုပ်အမှုဆောင် ဦးတင့်လွင်ဦးနှင့် မြို့နယ်အဖွဲ့ဝင်(၁) ဒုတိယရဲမှူးခင်မောင်ဦး(စာရေးဆရာ နှင်းမောင်)တို့က အမှာစကားများ အသီးသီးပြောကြားပြီး သင်တန်းကို ဘာသာရပ်အလိုက် ဆက်လက်ပို့ချကြကြောင်း သိရသည်။ **(၂၀၉)**

တပ်ကုန်းမြို့ မြို့မဈေးကြီးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများဆယ်ယူခြင်းလုပ်ငန်းကို မေ ၁၄ ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုးနှင့် ဒုဦးစီးမှူး (ဈေး) ဦးဇော်ဝင်းထွန်းတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(၂၆၆)

နှစ်(၄၀)မြောက် ပတ္တမြားရတုမင်္ဂလာ

ချစ်ဖေဖေ ဦးတင်မောင်အေး (ညွှန်ကြားရေးမှူး-ငြိမ်း၊ ရှေ့နေချုပ်ရုံး)နှင့် ချစ်မေမေဒေါ်ခင်သန်းမြင့်(အထက-၂၊ ရန်ကင်း၊ ငြိမ်း) တို့၏ ၆-၆-၂၀၀၄ ရက်နေ့မှာ ကျရောက်တဲ့ နှစ်(၄၀)မြောက် ပတ္တမြားရတုမင်္ဂလာမှသည် နောင်နှစ်ပေါင်း ၁၂၀ တိုင် မိသားစုနှင့်အတူ ပျော်ရွှင်နိုင်ပါစေ။

သမီးကြီး - သက်နွယ်အေး B.Eco.,R.L
Watson Store (S'pore)
အောင်ထွန်းလင်း Executive Engineer
Sigmarine Ltd. (S'pore)

သားလတ် - ရဲနိုင်အေး B.Sc (Physics)
P.D.Z Shipping Line (S'pore)

သမီးငယ် - ခိုင်နွယ်အေး B.A.(Hons) M.A (Eng:)
E.F.R. Forwarding & General Services.

ချစ်မြေးများ - သက်အေးမွန်ထွန်း (အေးမွန်) - P.II (S,pore)
သက်ဟေသီထွန်း (စုမွန်) K.I (S'pore)

အမည်ပြောင်း

အဖဦးထွန်းလင်း၏သား အထက (၁)ဒဂုံ ဒသမတန်း(I)မှ မောင်မင်းသူအား မောင်ဇွဲရောင်နည်ထွန်း ဟု ပြောင်းလဲခေါ်ပါရန်။

ဇွဲရောင်နည်ထွန်း။

အမည်ပြောင်း

အဖဦးမြင့်သူ၏သမီး အထက (၃) ဒဂုံ ပဥ္စမတန်း(က)မှ မအကြင်နာနွေ အား မချမ်းမြေ့ခင်ဟု ပြောင်းလဲခေါ်ပါရန်။ **မချမ်းမြေ့ခင်။**

မော်တော်ယာဉ်(ကမ-၃)မိတ္တူပျောက်ထားခြင်း

မော်တော်ယာဉ် လ/၅၃၁၉ လက်ဝယ်ရှိသူက မော်တော်ယာဉ် (ကမ-၃) မိတ္တူ ပျောက်ထားပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ရက်အတွင်း ကညန ပြည်နယ်ရုံး(လားရှိုး) သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ရန်။

ကညန ပြည်နယ်ရုံး(လားရှိုး)။

Lancruiser

အငှားလိုက်သည်။
(အဲကွန်းပါ)
ဈေးနှုန်းသက်သာသည်။
ခင်ပြည့်ဖြိုးထူး
ဖုန်း-၂၉၄၆၉၆

အမည်ပြောင်း

သဃ်န်းကျွန်း အထက(၂) ပထမတန်း(က)မှ ဦးစိန်ဝင်း၏သမီး မအိသိမ့်ကျော်အား မအေးသူသူသော်ဟု ပြောင်းလဲခေါ်ပါရန်။

မအေးသူသူသော်။

အမည်ပြောင်း

အဖ ဦးကျော်ဝင်း၏သား တာချီလိတ်မြို့ အထက ဒုတိယတန်း (စ)မှ မောင်ရဲလင်းကျော်အား မောင်ဥက္ကာပိုင် ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဥက္ကာပိုင်။

အမည်ပြောင်း

အဖဦးစိုင်းလီး၏သား တာချီလိတ်မြို့ အထက ဒုတိယတန်း(ဂ) မှ မောင်စိုင်းတော(ပ်)အား မောင်စိုင်းအောင်ခမ်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်စိုင်းအောင်ခမ်း။

အမည်ပြောင်း

ဦးဌေးမြင့်၏သမီး အထက ပုလော ပဥ္စမတန်း(A)မှ မမြတ်နိုးခင်အား မမြစိန်စီ ဟု ပြောင်းလဲခေါ်ပါရန်။ **မမြစိန်စီ။**

အမည်ပြောင်း

တောင်ငူပညာရေးကောလိပ် လေ့ကျင့်ရေး အလက၊သတ္တမတန်းမှ (ဘ)ဦးမြင့်ဦး၏ သမီး မဆက်ဝေဇွန်အား မဖြိုးပပအောင် ၇/အတန (နိုင်)၀၉၀၅၈၂ဟု ပြောင်းလဲခေါ်ပါရန်။ **မဖြိုးပပအောင်။**

အမည်ပြောင်း

တောင်ငူပညာရေးကောလိပ် လေ့ကျင့်ရေး အလက၊ ပထမတန်းမှ (ဘ) ဦးခွန်ဝင်းစိုး၏သား မောင်ခွန်မင်းမဟာခန့်အား မောင်ခွန်မင်းခန့် ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ခွန်မင်းခန့်။**

အမည်မှန်

ဦးမြတ်စိုး (ခ) ဦးမြစိုး ၁၂/ဥကမ(နိုင်) ၀၅၈၈၃၅သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးမြတ်စိုး (ခ) ဦးမြစိုး။

ဖခင်အမည်မှန်

လှိုင်မြို့နယ် အမှတ်(၁)အထက (ခွဲ)အလက(၄)˚VII(A) မှ မောင်ဆန်းထက်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဘိုးအေး ဖြစ်ပါကြောင်း။

မောင်ဆန်းထက်ဝင်း။

ရောင်းရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၂ ခုနှစ် တရားမဇာရီမှု အမှတ် ၃၆

ဦးပု(ခ)ဦးမျိုးဝင်း နှင့် ၁။ ဒေါ်မာ
၂။ ဦးစံတင် } ၎င်းတို့၏ အခွင့်ရ ကိုယ်စားလှယ် ဦးခင်ဇော်
၃။ ဦးစိန်မောင်(ကွယ်လွန်)
ဒေါ်အေးသန်း(ကွယ်လွန်သူ၏ဇနီး)
၄။ ဦးစိန်ကြည်
၅။ ဒေါ်လှသိန်း(ကွယ်လွန်သူ ဦးအောင်ခင်၏ တရားဝင်ကိုယ်စားလှယ်)

တရားနိုင် **တရားရှုံးများ**

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၀၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၁၅၂ တွင် ရရှိသည့် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသည့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို ၂၀၀၄ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့ နံနက်၁၀နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ်တစ်ရာလျှင် နှစ်ဆယ့်ငါးရာကျပ်ကို လေလံဆွဲ ဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင် ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

ပစ္စည်းစာရင်း

၁။ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ အသောကလမ်း၊ ဒေါ်နှင်းကြည် အမည်ပေါက် နှစ် ၆၀ ဂရမ်မြေကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄-အေ-၉၂ မြေကွက်အမှတ် ၄၃ ဟု ခေါ်တွင်သော ၃၃ ပေXပေ ၆၀ အကျယ်ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အမှတ် ၄၉ အသောကလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်ဟု ခေါ်တွင်သော နှစ်ထပ်တိုက်ခံအိမ်တစ်လုံး။

၂။ လေလံတင်ရောင်းချမည့်နေအိမ်တွင် တရားရှုံး ဒေါ်အမာမိသားစု၊ တရားရှုံး ဦးစံတင်နှင့် တရားရှုံးဦးစိန်မောင်(ကွယ်လွန်)၏ မိသားစုများနေထိုင်လျက်ရှိသည်။

၃။ ကြမ်းခင်းဈေး ကျပ်သိန်း ၂၅၀ (ကျပ်သိန်းနှစ်ရာငါးဆယ်တိတိ)သတ်မှတ်သည်။

၂၀၀၄ ခုနှစ် မေလ ၂၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန်ကြော်ငြာကို ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဦးမျိုးတင့် B.A (Law), LL.B (တ/၁၇၁၃)
ဒုတိယခရိုင်တရားသူကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်။

အမည်ပြောင်း

ဦးကျော်ဝင်း၏ သမီးများဖြစ်ကြသော အထက(၂) ဗန်းမော် ပဥ္စမတန်းမှ မဆိုမိုင်ရာအား မငြိမ်းစည်သာဟု လည်းကောင်း၊ တတိယတန်းမှ မဆိုဝိုင်ဘာအား မသျှင်မိုးအေးဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ဒုတိယတန်း ရေယာဉ်အုပ်လက်မှတ် (ဆဒ ၀၈၄/၀၂၂၈၀၂) သည် ၁၀-၂-၂၀၀၄ ရက်နေ့ ဗိုလ်တထောင် ဆိပ်ကမ်းတစ်နေရာတွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ဦးအောင်မြင့်**
၁၂/အစန (နိုင်) ၁၇၀၁၇၇
ဖုန်း-၅၄၇၀၈၆





မြွေပွေး၊မြွေဟောက်များ အလိုရှိသည်

၁။ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံမှ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန်အတွက် မြွေပွေး၊ မြွေဟောက် အရှင်များကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူလျက်ရှိပါသည်။

ဝယ်ယူမည့်အမျိုးအစား	အရေအတွက်	ဈေးနှုန်း
(က) မြွေပွေး (အကြီး) ၅၀ သားအထက်	၁၂၀၀ ကောင် (တစ်ထောင်နှစ်ရာတိတိ)	၃၀၀ (ကျပ်သုံးရာတိတိ)
(ခ) မြွေပွေး (အသေး) ၅၀ သားအောက်	၁၈၀၀ ကောင် (တစ်ထောင်ရှစ်ရာတိတိ)	၁၅၀ (ကျပ်တစ်ရာငါးဆယ်တိတိ)
(ဂ) မြွေဟောက်(အကြီး) ၅၀ သားအထက်	၇၅၀ ကောင် (ခုနစ်ရာငါးဆယ်တိတိ)	၂၀၀ (ကျပ်နှစ်ရာတိတိ)
(ဃ) မြွေဟောက်(အသေး) ၅၀ သားအောက်	၂၅၀ ကောင် (နှစ်ရာငါးဆယ်တိတိ)	၁၀၀ (ကျပ်တစ်ရာတိတိ)

၂။ မြွေရောင်းချလိုသူများသည် အသေးစိတ်သိလိုသော အကြောင်းအရာများကို ရုံးချိန်အတွင်း မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ကြို့ကုန်း၊ အင်းစိန်၊ တယ်လီဖုန်းအမှတ်-၆၆၃၄၈၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စက်ရုံမှူး
မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ။

ဝမ်းနည်းကြေကွဲခြင်း
ဦးခင်သိန်း
(ညွှန်ကြားရေးမှူးချုပ်၊ အငြိမ်းစား) အခွန်အယူခံခုံအဖွဲ့

ဦးမောင်မောင်သိမ်း (အထွေထွေမန်နေဂျာ မြန်မာ့အာမခံလုပ်ငန်း)- ဒေါ်မွန်မွန်တာ (ပါမောက္ခ၊ ဥပဒေပညာဌာန ပုသိမ်တက္ကသိုလ်) တို့၏ ဖခင် ဦးခင်သိန်း(ညွှန်ကြားရေးမှူးချုပ်၊ အငြိမ်းစား အခွန်အယူခံခုံအဖွဲ့)သည် ၂၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥပဒေပညာဌာန၊ ပုသိမ်တက္ကသိုလ်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် အ/၅၇၆၇ နှင့် ၁ခ/ ၆၄၁၇ မော်တော်ယာဉ်လက်ဝယ်ရှိသူက (ကမ-၃) မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်) သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၈/၄၇၁၅ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်တိုင်း။**

ဒေါ်သန်း (ဟသ်ာတ၊ ဒေါင့်ကြီး)
အသက်(၉၀)

ဦးဖိုးအို–ဒေါ်သိန်းတင်တို့၏သမီး၊ (ဦးညီမောင်)၏ဇနီး၊ အမှတ် ၁၆၇၊ ကံကော်မြိုင်လမ်း၊ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးစိုးတင့်–ဒေါ်တင်ကြည်တို့၏အစ်မကြီးသည် အထက်ပါနေအိမ်၌ ၃–၆–၂၀၀၄ရက် (ကြာသပတေးနေ့) ည၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဆန္ဒအရ ၄–၆–၂၀၀၄ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်ဆွေ အပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးရဲမြင့်(ခ)တွာတူး
အသက်(၅၅)နှစ်

ရန်ကုန်မြို့နေ (တန်ကြွက်မှီ–ချန်ချွီငေါ်)၊ မကွေးမြို့နေ (ဦးလှိုင်စိန်း–ဒေါ်ချုရန်)တို့၏မြေး၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ရွှေလမ်း၊ အမှတ် ၄၃/၄၅နေ (တန်ကျန်ကုပ်(ခ)မောင်သန်း)–ဒေါ်ရှုရန်တို့၏သားကြီး၊ ဦးရဲတင့်–ဒေါ်မြမြ၊ ဒေါက်တာခင်ခင်–ဦးအောင်ကြည်၊ ဦးရဲချို၊ ဒေါ်ခင်စီတို့၏အစ်ကိုကြီး၊ တူ၊တူမ လေးယောက်တို့၏ဘကြီးသည် ၂၅–၅–၂၀၀၄ ရက်တွင် မကွေးမြို့၌ ကွယ်လွန်သွားပါ၍ ၂၇–၅–၂၀၀၄ရက်တွင် မကွေးမြို့၌ သင်္ဂြိုဟ် ပြီးစီးပါကြောင်း။
ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဦးခင်မောင်ဦး ဆေးရုံတက်ရောက်နေစဉ်အတွင်း ရွှေဗဟိုအထူးကုဆေးခန်းမှ အထူးဂရုစိုက်ကုသပေးသော သမားတော်ကြီးများ၊ ဝန်ထမ်းများအားလည်းကောင်း၊ မဟာမြိုင်အထူးကုဆေးခန်းမှ အထူးဂရုစိုက်ကုသပေးခဲ့သော သမားတော်ကြီးအားလည်းကောင်း၊ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန် ဆရာမများ၊ ဝန်ထမ်းများအားလည်းကောင်း၊ လိုက်ပါပို့ဆောင်ပေးကြသောသူများအားလည်းကောင်း၊ သတင်းမေးကြသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား ကျေးဇူးတင်ရှိပါသည်။
ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးတော့ရင်(ခ)ရှီးသောက်ယုံ
အင်းဝမုန့်တိုက်(ပုဂံ–ညောင်ဦး)
အသက်(၆၉)နှစ်

ညောင်ဦးမြို့၊လမ်းမတော်နေ ဒေါ်သီး(ခ)ဒေါ်တင်တင်၏ခင်ပွန်းသည် ၂၉–၅–၂၀၀၄ရက်တွင်ကွယ်လွန်ကြောင်းကြားသိရပါသဖြင့်မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဆည်းဆာစားသောက်ဆိုင်မိသားစု(ပုဂံ)။**

ဝမ်းနည်းကြေကွဲခြင်း

မြိတ်မြို့၏ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ ပထက်တောင်အတုလရံသီ ရွှေသာလျောင်းဘုရားကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ဥက္ကဋ္ဌနှင့် နာယကဖြစ်သော ဦးချမ်းလှိုင်သည် ၂–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
မြိတ်မြို့။

ဦးကျော်မောင် (စစ်တွေ)
အသက်(၇၂)နှစ်

စစ်တွေမြို့၊ ရွှေပြားရပ်နေ (ဦးစိန်ထွန်းအောင်–ဒေါ်စံပဖြူ)တို့၏သားထွေး၊ (ဒေါ်မြခိုင်)၊ (ဦးသာဘော်)၊ ဆရာမကြီးဒေါ်ဖွားစိန်၊ (ဦးထွန်းအောင်ကျော်)၊ ဦးချမ်းသာတို့၏ မောင်/ညီထွေး၊ ဦးကျော်သိန်း၊မောင်လှမင်း၊ ဦးဇေယျာဦး၊ ဒေါ်အေးသန်းကြည်တို့၏ဦးလေးသည် ၅–၆–၂၀၀၄ရက် မွန်းလွဲ၁း၄၀နာရီတွင် ဇေယျာသီရိလမ်း၊ အိမ်အမှတ်၂၅နေအိမ်၌ကွယ်လွန်ပါသဖြင့် ယင်းနေ့ညနေ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၁–၆–၂၀၀၄ရက်(သောကြာနေ့)နံနက်၇နာရီမှ ၁၁နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူရန် အထက်ပါ ဇေယျာသီရိနေအိမ်သို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ကျိုက်လတ်မြို့နယ်အသင်း
အလုပ်အမှုဆောင်
ဦးခင်အေး
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း(ရှမ်းလမ်း)၊ အမှတ် ၁၉၉ နေ (ဦးအုန်းဖေ–ဒေါ်သန်းရင်)တို့၏ သားကြီး၊ (ဒေါ်ရီရီ)၏ခင်ပွန်း၊ (ရာ/အသင်းဝင်များ) ဖြစ်ကြသည့် (စိန်ခင်ထွန်း၊ ရွာစား–စိန်ဗိုလ်တင့်)၊ (ဒုံမင်း)စိန်ခင်လေးတို့၏အစ်ကိုကြီးဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးခင်အေးသည် ၃–၆–၂၀၀၄ရက်က ကွယ်လွန်သွားပါ၍ ၅–၆–၂၀၀၄ရက် (စနေနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။
အမှုဆောင်အဖွဲ့။

ကျေးဇူးဆပ်ပါမည်

မောင်လှမြင့်ဦး ကိုင်ဆောင်သည့် နိုင်ငံကူးလက်မှတ်အမှတ် ၃၆၂၀၂၂သည် ကမာရွတ်မြို့နယ် ပြည်မြန်မာကုန်တိုက်အနီးတွင်၅–၅–၂၀၀၄ရက်က ပျောက်ဆုံးသွားပါသဖြင့် အောက်ပါလိပ်စာအတိုင်း အကြောင်းကြားပါက ကျေးဇူးဆပ်ပါမည်။ **မောင်လှမြင့်ဦး၊ အမှတ် ၃၆(ဘီ) (မြေညီထပ်)၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်။ ဖုန်း–၂၉၁၄၆၅။**

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်းတောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း – ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး – ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ
ထိန်းသိမ်းရေးကော်မတီ – ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဒေါ်သန်းအေး
(စိန်ပဒေသာ၊ သာယာဝတီမြို့)
အသက်(၈၇)နှစ်

သာယာဝတီမြို့၊ဈေးလမ်း၊အိမ်အမှတ် ၁၉ နေ (ဦးရှိုးပင်း)၏ဇနီး၊ ဦးကြည်မြင့်–ဒေါ်လွင်လွင်စန်း၊ ဒေါ်အေးအေးစန်း၊ (ဒေါ်မေဘာယ်လ်စန်း)၊ ဦးဆွေဝင်း–ဒေါ်ယဉ်ယဉ်စန်း၊ ဦးစိန်လင်း–ဒေါ်နုနုအောင်၊ ဦးစိန်ကြီး–ဒေါ်ခင်မေရီ၊ ဦးစိန်လေး–ဒေါ်ခင်သန်းမြင့်၊ ဦးစိန်ထွေး–ဒေါ်ခင်စန်းလွင်၊ ဦးခင်ဝင်း–ဒေါ်နုနုစန်းတို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၄–၆–၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၁၂း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၈–၆–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ သာယာဝတီမြို့ ထောင်ကြီးသုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်စီစီ (ရမည်းသင်း)
အငြိမ်းစားဆရာမကြီး
အသက်(၈၅)နှစ်

ရမည်းသင်းမြို့၊ အုန်းပင်ရပ်နေ (ဦးတဲလစ်–ဒေါ်အေးခင်)တို့၏သမီးကြီး၊ (ဦးသိန်းဟန်–ဒေါ်မြမြ)၊ (ဦးခင်မောင်သန်း)–ဒေါ်တင်တင်အေး၊ ဦးလှစိန်–(ဒေါ်ကြည်ကြည်)၊ (ဦးမြအောင်–ဒေါ်မြမြစိန်)၊ ဦးတင်လှ–ဒေါ်အေးအေးမြင့်၊ (ဦးမောင်မောင်ကြီး)–ဒေါ်လှကြည်တို့၏အစ်မကြီး၊ တူ၊ တူမ ၂၀တို့၏ကြီးကြီးသည် ၄–၆–၂၀၀၄ ရက် (သောကြာနေ့) ညနေ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့်၆–၆–၂၀၀၄ ရက် ညနေ ၃နာရီတွင် ရမည်းသင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးဘသိန်း
(အငြိမ်းစား)
(မော်ကွန်းဝင် တတိယဆင့်)
(ဆသရ၊ငြိမ်း)
အသက်(၇၆)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁) စစ်မှုထမ်းဟောင်းစံပြကျေးရွာ၊ အိမ်အမှတ်၂/၁/၁၅နေ (ဒေါ်ကြည်ကြည်)၏ခင်ပွန်း၊ မသန်းသန်းနွဲ့(တိုင်း သ/မ၊ မန်း)၊ (ကိုခင်မောင်အေး၊လဆသ–၂)၊ ဒေါက်တာခင်မာသိန်း၊ မနုနုဆွေ(ကျောင်းအုပ်၊GTC၊ မြိတ်)၊ ကိုစိုးမြင့်သိန်း(လားရှိုး)၊ မတင်တင်သိန်း၊ ကိုအေးလွင်သိန်း (စာရေး၊ ခုတင်–၃၀၀၊ မန်း)၊ မစန္ဒာပပသိန်း (နည်းပြ၊ ကွန်ပျူတာကောလိပ်၊ မြိတ်)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၅–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၂း၃၀နာရီတွင် ရန်ကုန်မြို့ လေးထောင့်ကန်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်အေးလွင် (ပဲခူး)
အသက်(၇၃)နှစ်

ပဲခူးမြို့နေ (ဆရာဝန်ကြီး ဦးစိန်လွင်–ဒေါ်ခင်ညွန့်)–ဒေါ်နွဲ့ကြည်တို့၏သမီး၊ ဦးဇော်လွင်၊ ဦးကျော်ဇင်လွင်၊ Dr. ကြွယ်လွင် - Dr. တင်နွဲ့ဝင်း၊ ဒေါ်ကျော့ကျော့လွင်၊ ဒေါ်ဆွေဆွေလွင်၊ ဦးအောင်မြင့်ဦး၊ဦးသန့်စင်ဦး၊ ဒေါ်ဥမ္မာထွန်းကြည်၊ Dr.ကေခိုင်ထွန်းကြည်- Dr.မောင်မောင်လေး၊ ဒေါ်စပွယ်ထွန်းကြည်–ဦးသာဇော်မောင်မောင်၊ ဦးကျော်ဇောလွင်–ဒေါ်စန္ဒာခင်၊ ဒေါ်သဇင်လွင်၊ ဦးဘုန်းခိုင်–ဒေါ်စပွယ်လွင်၊ ဦးဘုန်းထက်၊ ဦးမျိုးခိုင်ဝင်း၊ ဦးမြတ်ခိုင်ဝင်းတို့၏အဒေါ်သည် ၄–၆–၂၀၀၄ရက် (သောကြာနေ့) ည၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၆–၂၀၀၄ ရက် (တနင်္ဂနွေနေ့)မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။
ကျန်ရစ်သူတူ၊ တူမများ။

ဒေါ်အေးခိုင်
အသက်(၇၂)နှစ်

စစ်တွေမြို့၊ဧညဝတီ(ခ)ရပ်ကွက်နေ (ဦးကျော်တင်ဦး–ဒေါ်သတီဦး)တို့၏ သမီး၊ ဦးမောင်ကျော် (MEPE၊ ငြိမ်း)၏ဇနီး၊ ဒေါ်ဦးကျော့စိန်(ဦးစီးအရာရှိ၊ သံတွဲစည်/ပင်)၊ မတင်ကြည် (သူနာပြု၊ ပြည်သူ့ဆေးရုံ)၊ ဒေါ်မြသန်း (အလပြ၊ အလက–၁၊နာဇီ)၊ မသင်းရွှေ၊ ကိုလှဒင်၊ တပ်ကြပ်လှသန်း (တပ်မတော်–ရေ)၊ မသန်းသန်းရွှေ၊ ကိုလှထွန်း၊ မောင်သန်းထွန်း၊မသန်းသန်းဝင်း(အလပြ၊မြေပုံမြို့)၊ မနုနုခိုင်(ပုဏ္ဏားကျွန်း)၊မစုစုခိုင်၊ ကိုမောင်ထိုး၊ မောင်ကျော် မျိုးနိုင်တို့၏မိခင်၊ မြစ်ရှစ်ယောက်တို့၏ အဘောင်ရှင်သည် ၁–၆–၂၀၀၄ ရက်တွင် စစ်တွေမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၃–၆–၂၀၀၄ ရက် မွန်းလွဲ ၁နာရီတွင် အာကျိုတ်တောင်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ခင်မြင့်(ခ)
ဒေါ်အာစီယယ်
အသက်(၉၁)နှစ်

(ဦးလုခင်–ဒေါ်မေကြူ)တို့၏သမီး၊ (ဦးဘ)၏ဇနီး၊ ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်တင်ကြည်–(ဦးကလာမြား)၊ (ဦးမြင့်သိန်း)–ဒေါ်စန်းရီတို့၏မိခင်၊ ရန်ကုန်တိုင်း၊တာမွေမြို့နယ်၊မအူကုန်းရပ်ကွက်၊ ၁၃၉လမ်း၊ အမှတ် ၂၃ နေ အလ်ဟာဂျီ မုဖ်သီ ဦးမြင့်သိန်း–ဟာဂျီမဒေါ်ခင်စန်းလွင်၊ ဦးစိန်ဝင်း–ဒေါ်သင်းသင်းလှိုင်၊ ကပ္ပတိန် အောင်တင်ဝင်း–ဒေါ်ဥမ္မာကို၊ ဦးစိန်ငွေ–ဒေါ်ဥမ္မာဦး၊ဒေါ်ခင်မာကြည်–ဦးအောင်မိုး၊ ဒေါ်ခင်မာစိန်၊ ကိုခင်မောင်ကြည်၊ ကိုခင်မောင်ထွေးတို့၏အဘွားသည် ၄–၆–၂၀၀၄ရက် (သောကြာနေ့) နံနက် ၂း၂၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့်(သောကြာနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေး မွတ်ဆလင်ဥယျာဉ်တော်တွင် ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်
အလှူ့ဒါယကာ
ဦးချမ်းလှိုင်
(မြိတ်)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀) ရပ်ကွက်၊ ဝင်ဒါမီယာ အောင်မင်းခေါင်ဘုရားလမ်း၊ အမှတ် ၃၀ နေ (ဦးသော်ဇင်–ဒေါ်တင်)တို့၏သား၊ (ဦးကူဝါ–ဒေါ်အေးမေ)တို့၏သားသမက်၊ ဒေါ်သန်းဆွေ၏ခင်ပွန်း၊ ဦးမျိုးလွင်–ဒေါ်မူမူ၊ Dr.အောင်စိုး–(ဒေါ်ဌေးဌေးဝေ)၊ (မောင်မျိုးအောင်)တို့၏ဖခင်၊ ဦးထွန်းမောင်–ဒေါ်ကြည်၊ ဦးယုတင်–(ဒေါ်ရှုကြင်)၊ (ဦးထွန်းမင်း)–ဒေါ်မြသန်း၊ (ဦးကြင်ဝမ်)–ဒေါ်ကြည်ညွန့်တို့၏အစ်ကို၊ မောင်ဇေယျာထွန်း၊ (မောင်မင်းသုခိုင်)၊ မောင်ခိုင်စိုးဟိန်း၊ မောင်အောင်ကိုမျိုးတို့၏ အဘိုးသည် ၂–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၂၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် မြိတ်အသင်းမှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သန်း(ခ)
ဒေါ်ချွေးမ
(ဇာသပြင်)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်း၊ စိတ္တသုခလမ်း၊ အမှတ် ၂၄နေ ဦးဘုပိန်၏ဇနီး၊(ဦးသာဦး–ဒေါ်စိန်ငွေး)တို့၏သမီး၊ (ဦးအောင်သွင်–ဒေါ်လှခင်)၊ (ဦးအောင်ခင်–ဒေါ်သန်းသန်း)တို့၏ညီမ၊ (ဦးအောင်မြင့်–ဒေါ်ကြင်)၊ (ဦးမောင်စိုး)–ဒေါ်မြ၊ ဦးသိန်းမောင်–ဒေါ်အေးမိ၊ ဦးအောင်သန်း–ဒေါ်သန်းသန်းတို့၏အမ၊ (ဦးစန်းမြင့်)–ဒေါ်ချိုချို၊ ဒါရိုက်တာမြင့်စိုး(ဝ/သ)–ဒေါ်ချယ်ရီလွင်၊ဦးတင့်လွင်(GEWIN)–ဒေါ်သန်းသန်းချိုတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၅–၆–၂၀၀၄ ရက် (စနေနေ့)နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၇–၆–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်သိန်းမေ
အသက်(၇၉)နှစ်

ရွှေကူမြို့၊ မင်းကုန်းရပ်နေ (ဦးချစ်မောင်)၏ဇနီး၊ စစ်ကိုင်းမြို့၊ ရွှေမင်းဝန်ရပ်နေ ဦးတင်မောင်ဝင်း–ဒေါ်ညီညီသိန်း (ဆားတောင်း–မန်းကားဂိတ်)၊ မန္တလေးမြို့၊ ၆၃လမ်း၊ ၂၈X၂၉လမ်းကြား၊ အောင်တော်မူရပ်နေ ရဲမှူးခင်မောင်မင်းလွင်(ပဲခူးတိုင်းရဲတပ်ဖွဲ့)–ဒေါ်ပိုပိုသိန်း၊ ဒုရဲမှူးသန်းနိုင်(တနင်္သာရီတိုင်း ရဲတပ်ဖွဲ့)–ဒေါ်ဆွေဆွေမျိုး၊ ရွှေကူမြို့၊ မင်းကုန်းရပ်နေ ဦးကျော်သိန်း (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်)–ဒေါ်စန္ဒာအေး၊ ဦးသက်နိုင်ထွန်း–ဒေါ်ဥမ္မာဦး၊ ရဲအုပ်ကြူကြူခင် (ချမ်းမြသာစည်မြို့နယ်၊ မှုခင်းမှတ်တမ်းရုံး)တို့၏မိခင်၊ မြေး ၁၈ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၃–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၄–၆–၂၀၀၄ ရက် (သောကြာနေ့) ညနေ၃း၃၀နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်တင်ကြည် (မုံရွာ)
မြန်မာ့မီးရထား(ငြိမ်း)
အသက်(၈၈)နှစ်

(ဦးထွန်းသ–ဒေါ်မှန်)တို့၏ သမီး၊ ရန်ကုန်မြို့၊ အမှတ် ၁၂၊ မဟာဘောဂလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်နေ (ဦးသောင်းတင်–မြန်မာ့ရထား၊ ငြိမ်း)၏ဇနီး၊ ဦးဂျေတင် (မြန်မာ့မီးရထား၊ ငြိမ်း)–ဒေါ်နွဲ့နွဲ့တင် (မြန်မာ့မီးရထား၊ ငြိမ်း)၊ ဦးမျိုးမြင့်(အလကကျောင်းအုပ်၊ ငြိမ်း)–ဒေါ်မြညွန့် (မူ/ကျောင်းအုပ်)၊ ဦးလှမြင့်(ဒု/ညွှန်မှူး၊ဗဟိုစက်ပစ္စည်း)–ဒေါ်ခင်မလေး(ရွှေ/ချယ်ကော်မရှင်ရုံး)၊ ဒေါက်တာ ဦးအောင်မြင့်–ဒေါက်တာ ဒေါ်တင်ဝင်း၊ ဦးသိန်းထွဋ်(တရားရုံးချုပ်ရှေ့နေ) – ဒေါ်ခင်ဆွေမြင့် (အထပြ၊ အထက–၄၊ တောင်ညွန့်)၊ ဦးဝင်းမြင့်–ဒေါ်အေးမာစိုးညွန့်(ဆုမွန်စတိုး၊အင်းစိန်ဈေး)တို့၏မိခင်၊ ဒုတိယဗိုလ်မှူးကြီး ဇော်ဝိတ်၏ဒေါ်လေး၊ မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၄–၆–၂၀၀၄ရက် နံနက် ၁၂း၄၅ နာရီ အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်ကြည် (မုံရွာ)
မြန်မာ့မီးရထား(ငြိမ်း)
အသက်(၈၈)နှစ်

(ဦးထွန်းသ–ဒေါ်မှန်)တို့၏သမီး၊ (ဦးသောင်းတင်၊ မြန်မာ့မီးရထား၊ ငြိမ်း)၏ဇနီး၊ ရန်ကုန်မြို့၊ အမှတ် ၁၂၊ မဟာဘောဂလမ်း၊မြေနီကုန်း၊စမ်းချောင်းမြို့နယ်နေ ဗိုလ်ကြီးဝင်းမင်း–ဒေါ်အောင်မေဦး (ဦးစီးအရာရှိ၊ အိုးအိမ်ဦးစီး)၊ ဦးလွှမ်းမိုး(A.P.E.I Co.,Ltd.)–ဒေါ်နေဇာခြည်၊ မောင်ကျော်ဝင်းနိုင်–မပြည့်ပြည့်ဝင်း၊ အိရွှေစင်၊ဒေါက်တာမျိုးမြင့်ထွန်း(ခန္ဓာဗေဒဌာန၊ ဆေး–၂)–မငုဝါအောင်(B.A Eco, Dip. in IT Level 2)၊ မငုသီတာအောင်(တတိယနှစ်၊ Food. Tech:B.Sc. English Dip. in. CA Dip. in. IT Level 2)၊ ကိုပိုင်သူ(Trainer R.V. Management Services.)–မထက်ထက်အောင်(Golden Hill Tower)၊ မောင်အောင်ကိုကို(B.A၊ ဒုနှစ်၊ပြင်သစ်ဘာသာ)၊ မောင်အောင်ပြည့်ဖြိုး(ဒုနှစ်၊ စီးပွားရေး U.D.E)၊ မောင်စစ်မွန်(V-F၊ အထက–၁၊ အင်းစိန်)၊ မဆုလာဒ်မွန်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆–၆–၂၀၀၄ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမြေးမြစ်တစ်စု။

ဦးကျော်ထွေး
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
သစ်တောဦးစီးဌာန
အသက်(၆၅)နှစ်

ပဲခူးတိုင်း၊ ဇီးကုန်းမြို့နယ်၊ ကံကြီးရွာနေ (ဦးမြသင်–ဒေါ်နှင်းမယ်)တို့၏ သား၊ ဇီးကုန်းမြို့၊ လယ်ဦးစုလမ်းနေ (ဦးဖိုးအောင်–ဒေါ်သိန်းခင်)တို့၏ သားသမက်၊ ဒေါ်လှတင် (မူ/ပြ၊ ငြိမ်း)၏ခင်ပွန်း၊ မသင်းသင်း(သစ်တောဦးစီးဌာန၊ ဇီးကုန်းမြို့)၊ မောင်မင်းသိန်းဦး–မခင်မာနှင်း၊ မနွယ်နီလွင် (သရုပ်ပြ၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏ဖခင်၊ မောင်စောလင်းသန့်၊ မီးမီးတို့၏အဘိုးသည် ၂၁–၅–၂၀၀၄ရက် မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃–၅–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ဇီးကုန်းမြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။
ကျန်ရစ်သူမိသားစု။

ကိုမောင်မောင်ငြိမ်းချမ်း
အသက် (၂၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင် ၁၁ လမ်း၊ အမှတ် ၁၁၀၁နေ (ဦးတင့်)–ဒေါ်ဝဲတို့၏မြေး၊ ဦးမောင်မောင်(စား/ဖျော်–ငြိမ်း)၊ ဒေါ်ခင်အုန်းမြင့်တို့၏ သားကြီး၊ ကိုမောင်မောင်သစ္စာ၏အစ်ကို၊ မအေးချမ်း၏ခင်ပွန်းသည် ၅–၆–၂၀၀၄ ရက် (စနေနေ့)မွန်းတည့်၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၆–၂၀၀၄ ရက်(တနင်္လာနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ အာဒိစ္စ
နိုင်ငံတော်ဩဝါဒါစရိယ
အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ သုဓမ္မာဂိုဏ်း
သက်တော် (၉၄)နှစ်၊ သိက္ခာတော်(၇၄)ဝါ

ရန်ကုန်တိုင်း၊ ရန်ကုန်(တောင်ပိုင်း)ခရိုင်၊ သုံးခွမြို့၊ အမှတ်(၃)ရပ်ကွက်၊ လောကမာရဇိန် ကျောင်းသစ်ကျောင်းတိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ အာဒိစ္စသည် ၁၃၆၆ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ ၅–၆–၂၀၀၄ ရက်(စနေနေ့)နံနက်၃း၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ရက် ၉–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် လောကမာရဇိန်ကျောင်းသစ်ကျောင်းတိုက်အတွင်း၌ အန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှတပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။
စျာပနကော်မတီနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ။

ဒေါ်သန်းမှင်
အသက်(၇၂)နှစ်

ရန်ကုန်တိုင်း၊တောင်ဥက္ကလာမြို့နယ်၊ ၇ရပ်ကွက်၊မင်းရဲကျော်စွာစလမ်း၊ အမှတ် ၇၀နေ ဦးထွန်းအေး၏ဇနီး၊ဦးမောင်မောင်သွင်–ဒေါ်ရှုယဉ်(ပိုင်ဆေးစတိုး)၊ ဦးသင်းနွယ်(MPE)–ဒေါ်အေးအေးမြင့်၊ (ဦးမြ ငြိမ်း)–ဒေါ်ချိုချိုမာတို့၏ မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၄–၆–၂၀၀၄ ရက် (သောကြာနေ့)ည ၁၀း၂၀နာရီတွင် သျှင်ပါကူဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၆–၆–၂၀၀၄ ရက်(တနင်္ဂနွေနေ့)နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာ
ဦးသော်တာချစ်လှ(ခ)
ဦးဒေးဗစ်
ဒဂုံအထက–၁၊
ကျောင်းသားဟောင်း
ဘီးလင်း၊ မိုးကုတ်
အသက် (၄၉)နှစ်

စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ ဘီးလင်းတိုက်သစ်ဆရာတော် ဘဒ္ဒန္တ ပညောဘာသ၊ ဘီးလင်းမြို့ မင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ မေဓိသရ၊ဘီးလင်းမြို့ ရွှေလှေတောင်ကျောင်းဆရာတော် ဘဒ္ဒန္တ အင်္ဂရတို့၏ ရဟန်းဒါယကာ၊ ရန်ကုန်မြို့၊ အမှတ် ၅၃၊ အခန်း ၂၀၁/၂၀၂၊ ရေကျော်လမ်းမကြီးနေ (ဦးချစ်လှ–ဒေါ်လှကြည်) တို့၏ သားထွေး၊ (ဦးဘိုနီ–ဒေါ်ဖွားခင်) မြိတ်၊ (ဦးဘအောင်–ဒေါ်သိန်းဟန်)ဘီးလင်းတို့၏မြေး၊(ဦးပါ–ဒေါ်တင်နု)၊(ဒေါ်ထားကြည်)၊ ဒေါ်ခင်ခင်၊(ဦးသိန်းတန်)–ဒေါ်ခင်ကြည်၊(ဦးလှမောင်– ဒေါ်အေးသွင်)တို့၏တူ၊ ဦးအောင်နိုင်စိုး–ဒေါ်ခင်စိုးသူ၊ တူ၊တူမ ၁၁ ယောက်တို့၏ဦးလေး၊ မြေးရှစ်ယောက်တို့၏ အဘိုးလေးသည် ၅–၆–၂၀၀၄ ရက် မွန်းလွဲ ၁၂း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၇–၆–၂၀၀၄ရက်ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသော်တာချစ်လှ(ခ)
ဦးဒေးဗစ်
ဒဂုံအထက(၁)၊ကျောင်းသားဟောင်း
ဘီးလင်း–မိုးကုတ်
အသက် (၄၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၃၊ အခန်း ၂၀၁–၂၀၂၊ ရေကျော်လမ်းမကြီးနေ (ဦးချစ်လှ–ဒေါ်လှကြည်)တို့၏သားထွေး၊ မိုးကုတ်မြို့၊ ရွှေဘုံသာရပ်နေ (ဦးခင်မောင်မောင်–ဒေါ်တင်မြင့်) တို့၏ သားသမက်၊ မိုးကုတ်မြို့နေ ဦးမျိုးမြင့်အောင်–ဒေါ်နီနီဦး၊ ဦးတင်ထွန်းကြိုင်–ဒေါ်ဝါဝါသင်း၊ Dr.မျိုးနိုင်–Dr.ဥမ္မာထွန်း၊ ရန်ကုန်မြို့နေ ဦးဇော်မျိုးနိုင်–ဒေါ်အေးအေးမာ (Aspidin Construction)၊ ဦးကျော်မိုးနိုင်–ဒေါ်စောသန္တာ၊ကိုတိုးဉာဏ်သင်း–မအေးသက်မော်ဝင်း(Turn Key Construction) တို့၏ ညီ/အစ်ကို၊ ဒေါ်ကြူကြူဇင်(ထ–၅၊ဗိုလ်တထောင်)၏ခင်ပွန်း၊ မောင်ရဲလင်းထွန်း (G.T.C)၊မအေးငြိမ်းသော်(3rd year, U.F.L, France)တို့၏ဖခင်သည် ၅–၆–၂၀၀၄ရက် မွန်းလွဲ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၆–၂၀၀၄ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယိကာမကြီး
ဒေါ်နု (ပဲခူး၊ ကျိုက်ပဒိုင်)
အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ညောင်တန်းအိမ်ရာ၊ တိုက် ၃၊ အခန်း ၁၀၄ နေ (ဦးထွန်းသာ–ဒေါ်သိန်း)တို့၏သမီး၊ (ဦးခင်ဖေ–ဒေါ်ကြာယံ)တို့၏သမီးချွေးမ၊ ဦးလှတင်၏ဇနီး၊ ဦးငွေဇင်–ဒေါ်လှမြင့်၊ ဦးခင်မောင်ဝေ–(ဒေါ်ရင်ရွှေ)၊ ဦးအုန်းမောင်၊ ဦးအောင်ငွေဆန်း – ဒေါ်အေးမာလွင်၊ ဦးမောင်တူး–ဒေါ်ဌေးဌေးကြွယ်၊ ဦးစန်းလွင်–ဒေါ်ခင်သက်၊ ကိုဝင်းမြင့်–မခင်ညိုရီတို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၄–၆–၂၀၀၄ရက် ည ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၆–၂၀၀၄ရက် မွန်းတည့် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ညောင်တန်းအိမ်ရာနေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်နု (လေးမျက်နှာ)
အသက်(၇၉)နှစ်

ဧရာဝတီတိုင်း၊ လေးမျက်နှာမြို့နယ်၊ ကညင်သောင်အုပ်စု၊ မြစ်ကျိုးရွာနေ (ဦးကုလားကြီး – ဒေါ်စိန်ညွန့်)တို့၏ သမီး၊ ဦးစောမောင်၏ညီမ၊ ဒေါ်အုန်းကြည်၊ ဦးစိန်ဝင်းတို့၏ အစ်မကြီး၊ ဖော့ကန်၊ မင်္ဂလာသီရိစာသင်တိုက် ပဓာနနာယကဆရာတော် ဦးစန္ဒာသီရိဘိဝံသ၊ ကိုကံဝင်း–မသန်းဌေး၊ (ကိုမြင့်ဝင်း)–မကြည်၊ မစန်းနွဲ့တို့၏မိခင်၊ ကေသီလွင်၊ ဝင်းမာရီ၊ ချိုနွယ်လွင်၊ ကျော်ကျော်လွင်၊ ဝေဝေနှင်းတို့၏အဘွားသည် ၃–၆–၂၀၀၄ရက် ညနေ ၄း၄၅ နာရီတွင် အင်းစိန် သီရိစန္ဒာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၇–၆–၂၀၀၄ ရက်(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ကျောင်းတိုက်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု။

ဦးသန်းမောင်
ကလေးမြို့
အသက်(၆၅)နှစ်

ကလေးမြို့၊ အောင်သစ္စာရပ်ကွက်၊ နှင်းဆီလမ်းနေ ဒေါ်ကြည်၏ ခင်ပွန်း၊ ကိုမြင့်ဝင်း–မရီရီဝင်း၊ ကိုချိုဝင်း–မဥမ္မာလှိုင်၊ မကြူကြူဝင်းတို့၏ဖခင်၊ မစုလှိုင်ဝင်း၊ မစုမွန်ချို၊ မောင်ကျော်ဇင်သန့်တို့၏ အဘိုးသည် ၂–၆–၂၀၀၄ရက် ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄–၆–၂၀၀၄ရက်တွင်ကလေးမြို့ ပြင်သာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့်သိန်း(ခ)
လောင်အောင်မြင့်သိန်း
(မော်လမြိုင်)
အသက်(၅၀)

မော်လမြိုင်မြို့၊အရေးပိုင်ကုန်း၊အမှတ် ၅၈၊ အထက်လမ်းမကြီးနေ [ဦးထွန်းလှ(ခ)ဦးဝိုင်ဖြိတ်] – ဒေါ်ကျင်အေးတို့၏ သား၊ မော်လမြိုင်မြို့၊ တောင်ဝိုင်းလမ်း၊ အမှတ် ၈ နေ(ဦးသန်းမောင်)–ဒေါ်အေးကြည်တို့၏သားသမက်၊ဒေါ်သန်းသန်းရီ၏ခင်ပွန်း၊ ကိုရဲသူရိန်အောင်၊ ကိုအောင်နိုင်–မသိမ့်နန္ဒာအောင်၊ မဝင်းလဲ့လဲ့ရွှေ၊ မသက်သက်ချိုတို့၏ဖခင်သည် မော်လမြိုင်မြို့ နေအိမ်၌ ၄–၆–၂၀၀၄ရက် (သောကြာနေ့)နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ရှစ်မိုင် ကြန့်တိုက်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။
ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

အခြေခံအကျဆုံးရပ်ရွာဒေသများတိုးတက်ကောင်းမွန်အောင်စီမံဆောင်ရွက်မှ တစ်နိုင်ငံလုံးမျှတစွာဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားလာမည် ပြည်သူများလူမှုဘဝမြင့်မားရေးဆောင်ရွက်သင့်သည့်လုပ်ငန်းများ ကြည့်တတ်မြင်တတ်ရန်လို

ရန်ကုန် ဇွန် ၅

မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီအစည်းအဝေး အမှတ်စဉ်(၂/၂၀၀၄)သို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၂ ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် အဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ **(သတင်းစဉ်)**

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

ဂျပန်ရှေးရိုးရာမီးသတ်သမား

ဂျပန်ရှေးရိုးရာ မီးသတ်သမားတစ်ဦးအား တိုကျိုမြို့လယ်ကောင် အာဆာကူဆာရှိ ဆင်ဆိုကျီ ဘုရားကျောင်းတွင် ဝါးလုံးလှေကားထိပ်တန်းကျွမ်းဘားပြသနေသည်ကို မေ ၂၅ ရက်က တွေ့ရစဉ်။ **(ဝဲပုံ)**

ထိုနေ့က ဂျပန်မီးသတ်သမား ၁၀၀၀ ခန့်သည် ရှေးရိုးရာဝတ်စုံများကို ဝတ်ဆင်ကာ လွန်ခဲ့သည့် နှစ် ၃၀၀ အတွင်း မီးငြိမ်းသတ်စဉ်သေဆုံးသွားခဲ့ကြရသော မီးသတ်သမားများကို အမှတ်ရအောက်မေ့ဖွယ် အခမ်းအနားကျင်းပခဲ့ကြသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာတစ်ဝန်းမှ ဖားမျိုးစိတ်များပြပွဲ

နယူးယောက်မြို့ရှိ အမေရိကန် သဘာဝသမိုင်းပြတိုက်တွင် ပြသထားသော တရုတ်ဖားပျံတစ်ကောင်ကို တွေ့ရစဉ်။ **(ယာပုံ)** ထိုပြတိုက်တွင် ဖားမျိုးစိတ် ၂၄ ခု၏ ဖားအကောင် ၂၀၀ ကျော်ကို ပြသထားပြီး ပြပွဲကို မေ ၂၉ ရက်၌ ဖွင့်လှစ်ခဲ့သည်။ **(အင်တာနက်)**

အမျိုးသားညီလာခံကိုယ်စားလှယ်များအား စိတ်အပန်းဖြေနိုင်ရေး ရုပ်ရှင်ဖြင့်ဖျော်ဖြေ

ရန်ကုန် ဇွန် ၅

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေး အစီအစဉ်များကို နေ့စဉ် ည ၇ နာရီမှ စတင်၍ ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ပြသဖျော်ဖြေ

ယမန်နေ့ ညပိုင်းတွင် ဒါရိုက်တာခင်မောင်ဦး၊ စိုးသိန်းထွဋ်တို့ ရိုက်ကူးပြီး သရုပ်ဆောင်လွင်မိုး၊ ထက်ထက်မိုးဦး၊ မေသန်းနုတို့ ပါဝင်သရုပ်ဆောင်သည့် "သမီးမိုက်"ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်သည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ်တွင် မိုးကြီးနိုင်

ရန်ကုန် ဇွန် ၅

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်များအရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကသာမြို့တွင် ၂ ဒသမ ၃၆ လက်မနှင့် ကျောက်ဖြူမြို့၌ ၁ ဒသမ ၉၃ လက်မတို့ဖြစ်ကြကြောင်း သိရသည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အသင့်အတင့်ရှိနေသည်။

ဇွန် ၆ ရက်ညနေထိ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြားနှင့် ကျန်ဒေသများ၌ နေရာကွက်ကျားမှနေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

ကိုထွေး
စုစည်းတင်ပြသည်

ယူရို ၂၀၀၄ ပွဲကြိုတင်ဆက်မှု

ဂရိက လက်ချင်စတိန်းကိုအနိုင်ရရှိ ပေါ်လန်နှင့် အိုင်ယာလန် ခြေစမ်းမည်

ရန်ကုန် ဇွန် ၅

၂၀၀၄ ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲစတင်ရန် ရက်ပိုင်းမျှသာလိုတော့သည့်အချိန်တွင် ချစ်ကြည်ရေး ခြေစမ်းပွဲများယှဉ်ပြိုင်ကစားကာ အပြီးသတ်လူစာရင်းများကိုထုတ်ပြန်ကြေညာလျက်ရှိကြသည်။ ယမန်နေ့က အုပ်စု(က)၌ပါဝင်လျက်ရှိသော ဂရိအသင်းသည် လက်ချင်စတိန်းနှင့် အဝေးကွင်း၌ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ အနိုင်ရရှိသွားသည်။ ဇွန် ၅ ရက်တွင် ဒိန်းမတ်နှင့်ခရိုအေးရှား၊ ဆွီဒင်နှင့်ပိုလန်၊ ပေါ်တူဂီနှင့် လစ်သူယေးနီးယားတို့လည်း ချစ်ကြည်ရေးခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ●